ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (9-4-2007) (၅၂၈၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘီးလင်းမြို့နယ် ဇွဲကလာကျေးရွာတွင် စပါးခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မွန်ပြည်နယ် စပါးစိုက်ဧက ၁၀ သိန်းပြည့်မီအောင် တစ်မိုးနှစ်သီးစိုက်ပျိုးရန် မှာကြား

နေပြည်တော် ဧပြီ ၈

မွန်ပြည်နယ် သထုံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၅ ရက် နံနက် ၇ နာရီခွဲတွင် သထုံမြို့နယ် ထောင်မှူးကျေးရွာအုပ်စု မြတ်စံကျေးရွာရှိ နွေစပါး ၃၃၃၉ ဧက စိုက်ခင်းသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားတောင်သူများနှင့် တွေ့ဆုံ၍ နွေစပါးတိုးတက်စိုက်ပျိုးထုတ်လုပ်ရေး ဆိုင်ရာများကို မှာကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က မြို့နယ်အနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးမှုကို လျာထားဧက ၁၀၀၀၀ အပေါ် ၁၃၀၈၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက နွေစပါးတိုးတက်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးရေး၊ ငရုတ်ကောင်းနှင့် ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်မည့် ကြက်ဆူ စိုက်ပျိုးမှုကိုလည်း သတ်မှတ်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ တောင်သူလယ်သမားများသည် လယ်ယာစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးဆောင်လုပ်ကိုင်ခြင်းဖြင့် နိုင်ငံသားတာဝန် ကျေပွန်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထောင်မှူးကျေးရွာအုပ်စုမှ တောင်သူဦးစောဘွားနှင့် ဦးစောညွန့်တို့၏ နွေစပါးမနောသုခ ရိတ်သိမ်းနိုင်သည့် အခြေအနေနှင့် စပါးပင်တစ်ပင်၏ နှံပွား၊ ပင်ပွားနှင့် တစ်နှံ၏ စပါးစေ့ အရေအတွက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ်ရှိ မက်စ်မြန်မာ ကုမ္ပဏီလီမိတက်၏ ရွှေရောင်ပြရော်ဘာခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မက်စ်မြန်မာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်က ရွှေရောင်ပြရော်ဘာခြံ၌ ရော်ဘာဧက ၅၀၀၀ စိုက်ပျိုးရန်အနက် ဧက ၃၀၀၀ ကို ဧက ၁၀၀၀ စီခွဲပြီး ဆောင်ရွက်နေမှုအခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

ထူးခြားသည့် နေ့အပူချိန်များ

၈–၄–၂၀၀၇

မင်းဘူး
၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒီဂရီဖာရင်ဟိုက်)

မကွေး၊ ညောင်ဦး၊ ချောက်နှင့် သာယာဝတီ
၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်
၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်)

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

"သစ်တောဝေါဟာရစကားနဲ့ ပြောရရင် စိမ်းလန်းဖို့ဆိုရာမှာ ငြိမ်းချမ်းဖို့ လိုအပ်ပါတယ်။ ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားစတဲ့ အခြေခံ တည်ဆောက်ရေး လုပ်ငန်းအဝဝကို ငြိမ်းချမ်းမှသာ ဆောင်ရွက်နိုင်ပြီး ဒီအဆောက်အအုံတွေအပေါ်မှာ ထပ်ဆင့်အခြေခံပြီး တစ်မျိုးသားလုံး ပညာ၊ ကျန်းမာ၊ ဥစ္စာ၊ အသိပညာတို့ ပြည့်စုံမြင့်တက်လာတာနဲ့အမျှ ဖွံ့ဖြိုးသော နိုင်ငံအဖြစ် တိုးမြှင့်တည်ဆောက်နိုင်မှာပါ"

ဦးဆောင်း(သစ်တော)၏ **"ငြိမ်းချမ်းမှ စိမ်းလန်းမည်"**

(ဆောင်းပါး) စာမျက်နှာ ၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၄-၂၀၀၇ (တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ပဈေးကွက်ဝင် ဝါးနှင့်ကြိမ် တိုးမြှင့်ထုတ်လုပ်တင်ပို့

မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် သစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ဝါးများ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိရာ ဝါးမျိုးစုံ ၂၂ မျိုးနှင့် မျိုးစိတ် ၁၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ ဝါးကို ကုန်ချောပစ္စည်းများအဖြစ် ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဝါးမီးသွေးများ ထုတ်လုပ်တင်ပို့ခြင်းများ လုပ်ကိုင်လျက်ရှိသည်။

ပြည်ပသို့ ဝါးထွက်ပစ္စည်းများတင်ပို့ရာတွင် ဝါးတူ၊ ပန်းသီတံ၊ ဦးထုပ်၊ ဝါးပါကေး၊ ဝါးငါးမျှားတံ၊ မျှစ်နှင့် ဝါးပျော့ဖတ်များ ပါဝင်သည်။ နှစ်ပေါင်းများစွာကပင် ဝါးခြင်းတောင်းများ၊ ဝါးဆန်ကော၊ ဝါးဆန်ခါများကို ပြည်တွင်း၌ ထုတ်လုပ်သုံးစွဲနေကြပြီး လွန်ခဲ့သော နှစ် ၂၀ ခန့်ကစ၍ ဝါးငါးမျှားတံများကို ပြည်ပသို့တင်ပို့ရောင်းချခဲ့သည်။

မြင်ဝါး၊ ဝါးနွယ်၊ ဝါးယားကြသောင်းဝါး၊ သိုက်ဝါး၊ တင်းဝါးနှင့် ဝါးနက်တို့သည် မီးသွေးဖုတ်ရန် သင့်လျော်သည့် ဝါးအမျိုးအစားဖြစ်သည်။ တရုတ်နှင့်ဂျပန်နိုင်ငံတို့သို့ လစဉ်တင်ပို့လျက်ရှိသည်။

ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် သဘာဝသစ်တောထွက်ပစ္စည်း တစ်မျိုးဖြစ်သည့် ကြိမ်အများဆုံးထွက်ရှိသည်။ တနင်္သာရီတိုင်းတွင် ပုလောမြို့နယ်၊ ကျွန်းစုမြို့နယ် အတွင်းရှိ ကျေးရွာများနှင့် ကော့သောင်းခရိုင်အတွင်းရှိ ပုလဲကျွန်း၊ ဆူလာကျွန်း၊ ကွမ်းသီးကျွန်းတို့မှလည်း ကြိမ်အများအပြားထွက်ရှိသဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ယခုအခါ မြန်မာ့သစ်တောထွက်ကြိမ်များကို ကုန်ကြမ်းအဖြစ်သာမက မြန်မာ့လက်မှုအနုပညာလက်ရာဖြင့် ကြိမ်ထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိရာ တရုတ်နိုင်ငံ၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့က အများဆုံးမှာယူလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရောင်းတမ်းဝင် ကြိမ်နှင့်ဝါးများကို ကုန်ကြမ်းအဖြစ်သာမက အရည်အသွေးမြင့် လက်မှုအနုပညာမြောက် ပစ္စည်းများ ပြုလုပ်ရောင်းချခြင်းဖြင့် အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိနိုင်သည်ဖြစ်ရာ ပြည်ပ ဈေးကွက်ဝင် သစ်တောထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများကို အမှူးထား၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း SMART DENTAL CLINIC မှ ဒေါက်တာညီညီနှင့် ဒေါက်တာဆွေဇင်ဦး မိသားစုက ငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နှစ်ဖက်မိဘများအမှူးထား၍ သန်လျင်မြို့ ဖို့မြေလမ်းနေ ဒေါက်တာအောင်နိုင်ဦး-မသီသီအေး(ခေတ္တ-ကနေဒါ)တို့၏ ၁၀ နှစ်မြောက် မင်္ဂလာအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်းလက်ခံယူစဉ်။ (က-ပ)

လူစီးတွဲနှင့် စက်ခေါင်းတည်ဆောက်မှုလုပ်ငန်းများ ဒုတိယဝန်ကြီးစစ်ဆေး

အလေအလွင့်ထိန်းသိမ်းရေး၊ စက်စွမ်းအားပြည့် အသုံးပြုနိုင်ရေး ဆွေးနွေးမှာကြား

ရန်ကုန် ဧပြီ ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ရောက်ရှိပြီး လူစီးတွဲများ တိုးမြှင့်တည်ဆောက်ရေးအတွက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် တွဲတည်ဆောက်နေမှု၊ အဆင့်မြင့်လူစီးတွဲများ တည်ဆောက်မှု၊ စက်ပစ္စည်းများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံမှူး၊ အထွေထွေမန်နေဂျာ၊ အရာထမ်းများနှင့် ကြီးကြပ်ရေးဝန်ထမ်းများအား တွေ့ဆုံ၍ တိုးချဲ့တာဝန်ပေးအပ်သော ရည်မှန်းချက်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုများကို တိုးတက်လာသော နည်းပညာများနှင့်အညီ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးရေးအတွက် စာအုပ်စာတမ်းများအပါဝင် e-Library ဖွင့်လှစ်ထားရှိရေး၊ ပြင်ပမှ တိုးတက်မှုများကို ရယူနိုင်ရေးအတွက် နည်းပညာတက္ကသိုလ်မှ ဆရာများ၊ ပြင်ပနည်းပြများ၊ အတွေ့အကြုံရှိသူများအား ခေါ်ယူ၍ လေ့ကျင့်မှုနှင့် ဆွေးနွေးပွဲများ ကျင်းပရေး၊ အချိန်နှင့်ပစ္စည်း အလေအလွင့်များ ဂရုစိုက်ထိန်းသိမ်းရေး၊ စက်များစွမ်းအားပြည့် အသုံးပြုနိုင်ရေးစသည်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွာထောင်ဒီဇယ်စက်ခေါင်းစက်ရုံသို့ရောက်ရှိပြီး စက်ရုံ၌ စက်ခေါင်းများ အကြီးတန်း၊ အလတ်တန်း ပြင်ဆင်နေမှု၊ စက်ခေါင်းသစ်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံမှူး၊ အရာထမ်းများနှင့် ကြီးကြပ်ရေးဝန်ထမ်းများအား တွေ့ဆုံ၍ စက်ခေါင်းသစ်တည်ဆောက်ရေး တာဝန်များကို တိုးမြှင့်ဆောင်ရွက်နေရသော အင်းစိန်စက်ခေါင်းစက်ရုံ၏ ပုံမှန်စက်ခေါင်းများ အကြီးတန်း၊ အလတ်တန်း မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ဤစက်ရုံမှ ကူညီဆောင်ရွက်ပေးရန်၊ စက်ရုံ၏စွမ်းအားပြည့်ထုတ်လုပ်မှုကိုမြှင့်တင်ရေး၊ ဆောင်ရွက်နေသောလုပ်ငန်းတိုင်း စီးပွားရေးတွက်ခြေကိုက်စေရေးအတွက် အစဉ်သုံးသပ်ဆောင်ရွက်ရေး၊ လူ၏အရည်အသွေးမြှင့်တင်ပေးနိုင်ရေး၊ လုပ်ငန်းတိုင်း နည်းစနစ်တကျ တိုးတက်စေရေးအတွက် ထိရောက်စွာ စီမံခန့်ခွဲသုံးသပ်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး စက်ရုံ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရွာထောင် စက်ခေါင်းပြင်စက်ရုံ စက်ခေါင်းအစိတ်အပိုင်းများ ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

နှစ်သစ်ကူး နှုတ်ဆက်မင်္ဂလာတရားနှင့် မင်္ဂလသုတ်ပါဠိတော်များအသံလွှင့်ဟောကြားမည်

ရန်ကုန် ဧပြီ ၈

၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၂ရက် (၂၀၀၇ခုနှစ် ဧပြီ ၁၇ရက်) အင်္ဂါနေ့ မြန်မာနှစ်ဆန်း ၁ ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့ နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ပဓာနနာယက (ယော) ဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ငါးပါးတို့က နှစ်သစ်ကူး နှုတ်ဆက်မင်္ဂလာတရားတော်နှင့် မင်္ဂလသုတ်ပါဠိတော်များကို အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

နတ်ညွန့်ဆရာတော်အား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း (၃)လမ်း၊ ဝိမလာရာမနတ်ညွန့်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ဖြင့် ဆက်ကပ်ပူဇော်ပြီးဖြစ်၍ ဆရာတော်၏တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့က ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲကို ၁၃၆၉ ခု ကဆုန်လပြည့်ကျော်၆ရက် တနင်္ဂနွေနေ့တွင် ဝိမလာရာမနတ်ညွန့် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ကျောင်းတိုက်ဖုန်း-၃၈၀၅၆၈၊ ပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ရွှေ ဖုန်း- ၀၉ ၅၁၀၅၄၀၀၊ အတွင်းရေးမှူး ဦးကျော်ဝင်း ဖုန်း- ၅၆၅၄၉၂၊ ဘဏ္ဍာရေးမှူး ဒေါက်တာရွှေထွန်း ဖုန်း-၀၉ ၅၀၁၁၆၉၇ တို့ထံ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

တရားဗွီစီဒီများ လှူဒါန်း

ရန်ကုန် ဧပြီ ၈

ဆရာဦးမြင့်လွင်(သန့်-တည်-ပွား) ဟောကြားသော အပါယ်ပိတ်တရား ဗွီစီဒီနှစ်ချပ်နှင့် စာအုပ်တစ်စုံကို မတ် ၁၇ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း အခမဲ့လှူဒါန်းလျက်ရှိရာ ယနေ့အထိ တရားအခွေအစုံ ၆၀၀၀ကျော် လှူဒါန်းပြီးဖြစ်ကြောင်းနှင့် ဧပြီ ၁၇ ရက်အထိ မြင့်မြတ်အလင်းဓမ္မာရုံ အမှတ် ၃၂ (စီ/၂)ရိပ်သာလမ်း ၆ မိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့တွင် ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၅လမ်းနေ ကိုအောင်ထွန်း၊ နန်းကြင်ညွန့်၊ မနှင်းပိုင်၊ နှင်းလဲ့နိုင်၊ အေးမြတ်နိုးထွန်းတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ငြိမ်းချမ်းမှ စိမ်းလန်းမည်

ဦးဆောင်း (သစ်တော)

စိတ်သာရှင်စေ ဘုရားဟောဆိုသလို စိတ်ချမ်းသာရေးနဲ့ အခြေခံလိုအပ်ချက်များ ပြည့်စုံရေးတို့ဟာ အလွန်အရေးကြီးပါတယ်။ တစ်ဦးချင်းအတွက် စိတ်အေးချမ်းသာစွာနဲ့နေနိုင်၊ ထိုင်နိုင်၊ စားနိုင်၊ အိပ်နိုင်၊ အလုပ်လုပ်နိုင်ခွင့်ရှိဖို့ အလွန်လိုအပ်ပါတယ်။ ဒီအခြေအနေမျိုးရှိမှ ကျန်တဲ့ လူမှုရေး၊ စီးပွားရေး စတဲ့လုပ်ငန်းတွေကို အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ပြီး **ဖွံ့ဖြိုးတိုးတက်မှု** ဆိုတာရနိုင်ပါတယ်။ တစ်နည်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအချက်တွေထဲမှာ ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးဟာ အဓိကကျပါတယ်။

ရပ်ရွာတည်ငြိမ်မှုမရှိရင် ခရီးပင်မသွားရဲ၊ အလုပ်ပင်မလုပ်ရဲတော့ဘဲ မလွဲမရှောင်သာသော သာရေးနာရေးသွားဖို့ဆိုတာတောင် မလွယ်ကူပါဘူး။ ၁၉၈၈အရေးအခင်းကာလနဲ့ အဲဒီမတိုင်မီကာလတွေက ဘယ်သွားသွား အိမ်ကိုစိတ်မချရတာနဲ့၊ လမ်းမှာ ဘာများဖြစ်မလဲလို့ ပူပန်နေရတာနဲ့၊ ခရီးသွားနေရတဲ့သူကလဲ အိမ်မှာကျန်နေခဲ့တဲ့သူကို စိတ်မချ၊ အိမ်မှာကျန်နေခဲ့တဲ့သူကလဲ သွားတဲ့သူ ချောချောမောမော ဖြောင့်ဖြောင့်တန်းတန်းမှ သွားနိုင်ပါ့မလားဆိုပြီး စိတ်ပူနေရတာ၊ တယ်လီဖုန်းဆက်သွယ်ရေးတွေကလဲ အခုလို မတိုးတက်သေးတော့ ခရီးသွားတဲ့သူ အိမ်ပြန်ရောက်မှ စိတ်တုံးတုံးချရတော့တယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ ရပ်ရွာအေးချမ်းသာယာနေလို့၊ တရားဥပဒေစိုးမိုးနေလို့ ဒီလိုစိတ်သောကတွေမရှိဘဲ စိတ်အေးချမ်းသာစွာနဲ့သွားနေ၊ လာနေနိုင်ပါပြီ။ ဘာဖြစ်လို့ ဒီကိစ္စကို ဒီလောက်အကြီးအကျယ် ရှေ့တန်းတင်ပြီး ပြောနေရသလဲဆိုတော့ မကြာခင်က နိုင်ငံတစ်ခုမှာ အစည်းအဝေးတက်ရောက်ဖို့ သွားခဲ့ရာမှာ အဲဒီနိုင်ငံရဲ့အခြေအနေက လုံခြုံရေးနည်းပါးလို့ မသွားမီရော၊ ထိုနိုင်ငံမှာ ရောက်ရှိနေဆဲအချိန်မှာရော စိတ်အေးချမ်းသာမှု ကွယ်ပျောက်ခဲ့ရလို့ပါ။

မသွားမီကတည်းကကို အဲဒီနိုင်ငံရောက်ဖူးတဲ့ မိတ်ဆွေတစ်ဦးက ညအပြင်မထွက်ဖို့က အစ၊ တစ်ယောက်တည်းမသွားဖို့ အလယ်၊ ဟိုတယ်အခန်းသော့ကို အသေအချာပိတ်အိပ်ဖို့ အဆုံး နိုင်ငံရပ်ခြားကနေတောင် ဖုန်းဆက်ပြီး တကူးတကမှာရှာပါတယ်။ ဒါကို အိမ်က မရွှေချောသိတော့ ဖြစ်မှဖြစ်ပါ့မလား တဲ့။ ဘုရားဂုဏ်တော်တွေရွတ်ဖို့ တတွတ်တွတ်မှာလိုက်တဲ့အပြင် စိပ်ပုတီးတောင် ထည့်ပေးလိုက်ပါသေးတယ်။

ခုနပြောသလို အိမ်မှာ ကျန်နေခဲ့တဲ့သူကလဲ စိတ်ပူနေရပြီ၊ သွားတဲ့သူကလဲ ဟန်နဲ့သာနေရတယ်၊ ဘာဖြစ်မလဲ၊ အဆင်မှပြေပါ့မလားဆိုပြီး စိတ်တထင့်ထင့်နဲ့ပါ။

အဲဒီနိုင်ငံမှာ ကျင်းပတဲ့ အဆင့်မြင့်အစည်းအဝေးက ငါးရက်ကြာအစည်းအဝေးပါ။ အဲဒီအစည်းအဝေးကို နိုင်ငံပေါင်း ၁၀၀ကျော်၊ အဖွဲ့အစည်းပေါင်း ၁၄၀ က လူတစ်ထောင်နီးပါး တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးတက်ရောက်နေစဉ်မှာပဲ **လုံခြုံရေးသတိပေးချက်** ဆိုတဲ့ လုံခြုံရေးအကြံပေးစာစောင်ကို ကိုယ်စားလှယ်တိုင်းထံ လိုက်ဝေပေးပါတယ်။ အဲဒီအထဲမှာ အဲဒီနိုင်ငံရဲ့ လုံခြုံရေးအခြေအနေ အကျဉ်းချုပ်၊ တစ်ကိုယ်ရေ လုံခြုံရေးနဲ့ပတ်သက်ပြီး လိုက်နာရန်ကိစ္စ၊ ငွေပေးရာမှာ အသုံးပြုတဲ့ (credit card) အသုံးပြုခြင်းအပေါ် မမှန်မကန်လုပ်မှု၊ ခရီးသွားလာခြင်း၊ ယာဉ်မောင်းခြင်းပြုတဲ့အခါ သတိထားစရာ၊ လက်နက်အသုံးပြုပြီး ကားအပိုင်စီးခံရပါက ဆောင်ရွက်ရန် နည်းလမ်း၊ လုယက်မှု၊ ခိုးမှု၊ သံတမန် ဆိုင်ရာလုံခြုံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ လုံခြုံစိတ်ချရသော ဟိုတယ်များ စာရင်း၊ အတိုက်ခိုက်ခံရပါက အကူအညီတောင်းရန်အတွက် လမ်းညွှန်ချက်နဲ့ အရေးကြီးတယ်လီဖုန်းများ စာရင်းဆိုပြီး အပိုင်းလိုက် ရေးသားထားတာ တွေ့ရပါတယ်။

အဲဒီနိုင်ငံကို သွားရောက်ဖို့ လုပ်ကတည်းကိုက နိုင်ငံ ၂၂ နိုင်ငံမှ ပုဂ္ဂိုလ်များ ထိုနိုင်ငံသို့ အစည်းအဝေးတက်ရောက်ရန်အတွက် သွားလိုလျှင် ကြိုတင်ပြီး အကြောင်းကြားဖို့၊ ထိုနိုင်ငံမှ လုံခြုံရေးအတွက် ကင်းရှင်းကြောင်း ထောက်ခံစာရမှ ပြည်ဝင်ဗီဇာ ထုတ်ပေးမယ်လို့ ဆိုပါတယ်။ အဲ့ဒီ ၂၂ နိုင်ငံထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ မပါပါ။ တစ်ခါ.... ထိုနိုင်ငံရောက်လို့ နိုင်ငံတွင်းခရီးသွားလိုလျှင်လည်း အချို့ဒေသတွေ သွားဖို့အတွက် လုံခြုံရေးကင်းရှင်းမှု (Security Clearance) ယူပြီးမှသာ သွားရမယ်လို့ ဆိုပါတယ်။

အထက်ပါအပိုဒ်အလိုက် သတိပေးကြေညာချက်တွင် အဲဒီနိုင်ငံရဲ့ မြို့တော်မှာ ဒုစရိုက်မှုဖြစ်ပေါ်တဲ့ အခြေအနေတွေ တိုးပွားနေလို့ လုံခြုံစိတ်ချရသော နေရာမဟုတ်ပါလို့ အသေအချာ ရေးထားပါတယ်။ ဒီအခြေအနေမျိုးမှာ အစည်းအဝေးတက်ရောက်လာတဲ့ ကိုယ်စားလှယ်အနေနဲ့ အတိုက်ခိုက်ခံရတဲ့ဘဝ မကျရောက်ရအောင် အောက်ပါအချက်အလက်များကို လိုက်နာပါ။ ဟိုတယ်မှာ နေတယ်ဆိုရင်လဲ ဟိုတယ်စည်းကမ်းတွေကို လိုက်နာပါလို့ အကြံပြုထားပါတယ်–

(၁) တစ်ကိုယ်ရေ လုံခြုံရေးအတွက်နဲ့ ပတ်သက်ပြီး–

ထိုနိုင်ငံရဲ့မြို့တော်နဲ့၊ ဒုတိယမြို့တော်မှာ လမ်းပေါ် တိုက်ခိုက်၊ လုယက်မှုတွေဟာ နေ့ရောညပါ ဖြစ်ပေါ်နိုင်ပါ တယ်တဲ့။ ဒါ့ကြောင့်–

- မြို့တော်ရဲ့အဓိကနေရာကလွဲပြီး ကျန်စိတ်မချရတဲ့နေရာကို မသွားပါနဲ့။
- လမ်းမကြီးတွေကို အသုံးပြုပါ၊ ဖြတ်လမ်းတွေ လမ်းကြိုလမ်းကြားတွေကို အသုံးမပြုပါနဲ့။
- ညအချိန် လုံးဝလမ်းမလျှောက်ပါနဲ့၊ ခရီးတိုတောင်မသွားပါနဲ့၊ သွားလိုလျှင် တက္ကစီနဲ့သွားပါ။
- လမ်းပေါ်မှာ ထိုင်နေတဲ့ ကလေးတွေကို သတိထားပါ၊ သူတို့က ကိုယ့်ဆီကို လာပြီးပြောဆိုလာလျှင် သတိထားပါ၊ ခါးပိုက်နှိုက်တွေဖြစ်နိုင်တယ်။ အကောင်းဆုံးကတော့ ကိုယ့်လမ်းကို ကိုယ်သွားပါ။ သူတို့ကို ဥပေက္ခာပြုထားလိုက်ပါ။
- ငွေများများသယ်ပြီး မြို့တွင်းဈေးဝယ်ခရီးမသွားပါနဲ့၊ သွားတဲ့အခါ တန်ဖိုးကြီးတဲ့ လက်ဝတ်လက်စား မဝတ်ပါနဲ့။
- သူစိမ်းကပေးတဲ့ အစားအသောက် မစားမိပါစေနဲ့၊ ဆေးမိပြီး ကိုယ့်ပစ္စည်း အလုခံရနိုင်ပါသတဲ့။
- credit card သုံးရာတွင်လဲ သတိထားပါတဲ့၊ ကိုယ်ရှေ့မှာပဲ (credit card) ငွေပေးချေရသည့်အခါ လက်မှတ်ထိုးရသည့် စာရွက်စာတမ်းမှာ လက်မှတ်ထိုး အတည်ပြုကြောင်း ပြုလုပ်ပါစေတဲ့၊ ငွေအရေအတွက် (amount) ကို ဖြည့်ဆည်းပေးသွင်းရာတွင်လည်း ကိုယ်တိုင်ရေးသွင်းပြီး ဒီစာရွက်လေး ပြန်ရအောင် ပြုလုပ်ပါလို့ အကြံပြုချက်တွေအများကြီး ပေးထားပါတယ်။

(၂) ခရီးသွားတဲ့အခါ–

တရားဝင်ခရီးသွားလုပ်ငန်းများမှ တက္ကစီကိုပဲ သုံးပါ။ ဒေသတွင်း လိုင်စင်မရတဲ့ တက္ကစီတွေဟာ စိတ်မချရပါဘူးတဲ့။ မီတာမပါရင် ကိုယ်သွားမယ့်ခရီးအတွက် ဈေးနှုန်းကို ကြိုတင်မေးပြီးမှ စီးပါတဲ့။ မသိတဲ့သူက လမ်းကြုံခေါ်သွားတာကို လိုက်မိတာမျိုး မပြုလုပ်ပါနဲ့။ ကားငှားသုံးရာမှာလဲ နာမည်ပျက် မရှိသေးတဲ့ ကားလုပ်ငန်း ကုမ္ပဏီတွေမှ ကားကိုသာ သုံးပါ။ သို့မှသာ ကားအာမခံ၊ လူအာမခံထားခြင်း၊ ကားကောင်းခြင်းစတဲ့ လိုအပ်ချက်တွေနဲ့ ပြည့်စုံပြီး လိုရာခရီးရောက်မှာ ဖြစ်ပါသတဲ့။

(၃) အများသုံးယာဉ်ဖြစ်တဲ့ ဘတ်စ်ကားကို သုံးမယ်ဆိုရင်တော့–

မီနီဘတ်စ်တွေဟာ သိပ်စိတ်မချရပါဘူး။ ကားမောင်းကြမ်းတယ်။ အဲဒီကားတွေရဲ့ မတော်တဆ ဖြစ်မှုနှုန်းဟာ ကြောက်ခမန်းလိလိ တိုးပွားနေတယ်။ အထူးသဖြင့် နယ်ဘက်သွားတဲ့ ကားတွေမှာ ခါးပိုက်နှိုက်ကို အထူးသတိပြုပါလို့ ရေးထားပါတယ်။

(၄) ကိုယ်တိုင်ယာဉ်မောင်းသွားတဲ့အခါမှာ လိုက်နာရမယ့် အကြံပြုချက်တွေကတော့–

ဒီနိုင်ငံရဲ့ မြို့တော်နဲ့ တောင်ပိုင်းဒေသတွေရဲ့ လမ်းတွေဟာ ညံ့ပါတယ်။ စံချိန်မီဖို့၊ ပြုပြင်ဖို့တွေ အများကြီး ကျန်ပါသေးတယ်။

- ကားမောင်းတဲ့အခါ မမျှော်လင့်နိုင်သော နေရာတွေကနေ အဆိုးရွားဆုံး အခြေအနေတွေနဲ့ ကြုံတွေ့နိုင်တယ်လို့ခံယူပြီး စိတ်ဓာတ်မြှင့်တင်ထားပါ။
- ကားတံခါးတွေကို လုံခြုံစွာပိတ်ပြီး ကားထဲရှိ အဖိုးတန်ပစ္စည်းတွေကို အပြင်ကနေ မမြင်နိုင်အောင် သေချာစွာ သိမ်းထားပါ။
- ကားမှန်တံခါးကို လက်တစ်နှိုက်သာဖွင့်ထားခဲ့မိလို့ မီးပွိုင့်မှာ ခဏရပ်စောင့်နေရဆဲ အဲဒီပွင့်နေတဲ့ နေရာကနေ ကားထဲရှိ ဆွဲကြိုးတို့၊ အိတ်တို့ကို အလွယ်တကူ လုယူသွားနိုင်ပါတယ်တဲ့။
- အကယ်၍ ကိုယ်က မြို့တော်ရဲ့အပြင်ဘက်မှာရှိတဲ့နေရာကို သွားနေတယ်ဆိုရင် ညပိုင်းကို ဘယ်တော့မှ ကားမမောင်းပါနဲ့တဲ့။
- ကိုယ်ဘယ်သွားမယ်၊ ဘယ်အချိန် ပြန်လာမယ်ဆိုတာကို တစ်ယောက်ယောက်ကို အသိပေးထားခဲ့ပါ။
- ကားငှားသုံးမယ်ဆိုရင် ကားကောင်းမကောင်း ကြည့်ပါ။
- လိုအပ်တဲ့ ကားအပိုပစ္စည်း၊ ကိုယ်စားဖို့ အစားအသောက် ယူသွားပါ။ (အခက်အခဲနဲ့ကြုံနေခိုက် အစာရေစာမပြတ်ရအောင်)
- လမ်းပေါ်မှာ ကူညီမလိုလိုမျက်နှာနဲ့ လာတဲ့သူတွေကို အရောတဝင် မလုပ်မိပါစေနဲ့။ တချို့က ကားကိုရပ်အောင် လုပ်ပြီး လုယူသွားတာမျိုး ရှိပါသတဲ့။

(၅) ခရီးသွားနေဆဲ လက်နက်အားကိုးပြီး ကားအပိုင်စီးခံရရင်–

အဲဒီကိစ္စမျိုးဟာ ဒီနိုင်ငံမှာ ဖြစ်နေကျပါ။ ကိုယ်စီးတဲ့ကားကို အပိုင်စီးခံရရင် အလျှော့ပေးလိုက်ပါ။ သူတို့ (အပိုင်စီးသူ) ပြောသလိုလုပ်ပါ။ မခုခံပါနဲ့၊ မောင်းပြီးထွက်ပြေးဖို့ မကြိုးစားပါနဲ့၊ သူတို့ပြောသလိုလုပ်ရင် ကိုယ့်အသက် ချမ်းသာရာ ရနိုင်ပါသတဲ့။

(၆) ခိုးဝှက်မှုနဲ့ပတ်သက်ပြီး–

ဟိုတယ်ကနေပြန်တော့မယ်ဆိုရင် ကိုယ့်ရဲ့ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ အိတ်သေးသေးတွေကို ပါ-မပါ သတိပြုပါ။ ဒီပစ္စည်းတွေက သူခိုးတွေအဓိကမျက်စိကျတဲ့ ပစ္စည်းလေးတွေပါ။ မကြာခဏလဲ ဟိုတယ်တွေရဲ့ နားနေဆောင်မှာ အခိုးခံရတဲ့ ပစ္စည်းအမျိုးအစားတွေ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေကို မျက်ခြည်ပြတ် မခံပါနဲ့တဲ့။

ဒီနိုင်ငံမှာရှိတဲ့ ကမ္ဘာ့အဖွဲ့အစည်းမှာ လုပ်ကိုင်သော ဝန်ထမ်းများ၊ သံတမန်များအတွက် အထူးရဲတပ်ဖွဲ့ ၄၂၀ ခန့်ထားပါတယ်။ သူတို့ဟာ ဖော်ပြပါပုဂ္ဂိုလ်များကို ကူညီနေပါတယ်။ အကြံဉာဏ် တောင်းရင်လဲ ပေးပါတယ်။

(၇) ဒုက္ခရောက်ခဲ့ရင်–

အကယ်၍ ဒုက္ခကြုံတွေ့နေရရင် အဖွဲ့အစည်းကြီးဆီမှ တာဝန်ကျ အရာရှိကို ဆက်သွယ်ပါ။ သူက လိုတာကူညီပေးပါလိမ့်မယ်။ ဆက်သွယ်ရမယ့် တယ်လီဖုန်းအမှတ်တွေကိုလဲ ဖော်ပြထားပါတယ်။ ကိုယ့်ရဲ့အဆင့်အတန်းကို ပြောပြပါ။ ကူညီပါမယ်တဲ့။

ကဲ...သူတို့နိုင်ငံရဲ့ လုံခြုံရေး အခြေအနေတွေကို ဒီလောက်ဆိုရင် အကဲခတ်နိုင်ပြီလို့ ယူဆပါတယ်။ ကျွန်တော် တို့ မြန်မာနိုင်ငံမှာ ဒီကိစ္စမျိုးတွေ၊ လာတဲ့ဧည့်သည်ကို မဖွယ် မရာပြုတဲ့ စရိုက်တွေ မရှိသလောက် နည်းပါးပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ငွေကြေးဥစ္စာ မပြည့်စုံသေးပေမယ့် စိတ်ဓာတ်ရေးရာနိမ့်ကျတဲ့ လူမျိုးမဟုတ်ဘူး ဆိုတာ လက်မထောင် ပြောရဲပါတယ်။ ဂုဏ်ယူစရာပါ။ ကျွန်တော်တို့ လူမျိုးရဲ့သူတစ်ပါးကို (အထူးသဖြင့်) ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို ကူညီချင်တာ၊ ကျွေးမွေးချင်နေတာ၊ မေးရင်ပြောချင်နေတာ၊ ဧည့်ဝတ်ကျေချင်တာ အားလုံးကို ခြုံပြောရရင် လူ့ယဉ်ကျေးမှု ထွန်းကားပြီးသားပါ။

ကျွန်တော်တို့နိုင်ငံဟာ ရေ၊ မြေ၊ တော၊ တောင်၊ တွင်းထွက်ပစ္စည်းစတဲ့ သဘာဝသယံဇာတတွေနဲ့ ကြွယ်ဝတဲ့နိုင်ငံပါ။ သဲကန္တာရမဟုတ်ပါဘူး။ သို့သော်လဲ တိုင်းတစ်ပါးရဲ့ သွေးခွဲမှုဒဏ်ခံရပြီး အချင်းချင်း မညီမညွတ်ဖြစ်နေလို့ နှစ် ၅၀ ကျော် ကိုယ့်အချင်းချင်း တိုက်ခိုက်နေရပြီး ရလဒ်အနေနဲ့ဖွံ့ဖြိုးမှု နောက်ကျခဲ့ရတာပါ။ ဒါကလဲ သူများရဲ့သွေးထိုးသပ်လျှိုစကားတွေကို နားယောင်မိခဲ့လို့ ဖြစ်ရတာများပါတယ်။

ရှင်းပါတယ်။ မတည်ငြိမ်ရင် မငြိမ်းချမ်းရင် ဖွံ့ဖြိုးအောင်လုပ်လို့ မရပါဘူး။

ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ၊ စာရေးသူတို့ရဲ့ သစ်တောဝေါဟာရစကားနဲ့ ပြောရရင် စိမ်းလန်းဖို့ဆိုရာမှာ ငြိမ်းချမ်းဖို့လိုအပ်ပါတယ်။ ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားစတဲ့ အခြေခံတည်ဆောက်ရေးလုပ်ငန်းအဝဝကို ငြိမ်းချမ်းမှသာ ဆောင်ရွက်နိုင်ပြီး ဒီအဆောက်အအုံတွေအပေါ်မှာ ထပ်ဆင့်အခြေခံပြီး တစ်မျိုးသားလုံး ပညာ၊ ကျန်းမာ၊ ဥစ္စာ၊ အသိပညာတို့ပြည့်စုံမြင့်တက်လာတာနဲ့အမျှ ဖွံ့ဖြိုးသောနိုင်ငံအဖြစ် တိုးမြှင့်တည်ဆောက်နိုင်မှာပါ။

နိဂုံးချုပ်အနေနဲ့ကတော့ တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုအရသာကို ခံစားနေရသော ကျွန်တော်တို့မြန်မာပြည်သူပြည်သားများရဲ့ ကုသိုလ်ဟာ ထူးခြားလှပါတယ်။ နိုင်ငံရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှာ ယနေ့ ရရှိတည်ဆောက်ပြီးဖြစ်နေတဲ့ ငြိမ်းချမ်းရေးကို မပျောက်မပျက် မဆုံးရှုံးရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြစေချင်ပါတယ်။ ငြိမ်းချမ်းမှ တိုင်းပြည်လည်း စိမ်းလန်းလာမည်၊ ဖွံ့ဖြိုးတိုးတက်လာမည် ဆိုတဲ့အကြောင်း ခရီးသွားအတွေ့အကြုံလေးကို အကြောင်းပြုပြီး တင်ပြလိုက်ရပါတယ်။ ။

နိုင်ငံရေးရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှာ ယနေ့ ရရှိတည်ဆောက်ပြီး ဖြစ်နေတဲ့ ငြိမ်းချမ်းရေးကို မပျောက်မပျက် မဆုံးရှုံး ရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြစေချင်။ ငြိမ်းချမ်းမှ တိုင်းပြည်လည်း စိမ်းလန်းလာမည်၊ ဖွံ့ဖြိုးတိုးတက်လာမည်။

အိန္ဒိယသို့ ဘိလပ်မြေတင်ပို့ရန် ပါကစ္စတန် ကမ်းလှမ်း

နယူးဒေလီ ဧပြီ ၇

အိန္ဒိအစိုးရက အခွန်နှုန်းထား လျှော့ချသွားမည်ဟု ထုတ်ပြန်ချက်၏ အကျိုးကြောင့် အိန္ဒိယနိုင်ငံသို့ ဘိလပ်မြေတင်ပို့ရန် ပါကစ္စတန်က ဧပြီ ၄ ရက်တွင် ကမ်းလှမ်းခဲ့သည်။

သတ်မှတ်

အိန္ဒိယအစိုးရ၏ တစ်ပြေးညီ အခွန်နှုန်းလျှော့ချ သတ်မှတ်ခဲ့သည့်အတွက် ပါကစ္စတန်နိုင်ငံသည် အိန္ဒိယသို့ ဘိလပ်မြေတင်ပို့ရန် အသင့်ဖြစ်လျက်ရှိသည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ်ရှော်ခက်အဇစ်တို့သည် ခရီးသည်များ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်းပျံသန်းရေးကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ ယင်းအစည်းအဝေး၌ ကုန်သွယ်ရေး၊ စွမ်းအင်၊ ဘဏ္ဍာရေးအပါအဝင် နှစ်နိုင်ငံ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ကတိပေး

ပါကစ္စတန်နိုင်ငံသည် အိန္ဒိယ ငါးဖမ်းသမားများထံမှ သိမ်းဆည်းထားသော ရေယာဉ်များကို ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ပြီး နှစ်နိုင်ငံစလုံးတွင် ထိန်းသိမ်းထားသော အကျဉ်းသားများ၏ အခြေအနေကိုလည်း ပြန်လည်သုံးသပ်ကြမည်ဖြစ်ကြောင်း အဇစ်က မန်မိုဟန်ဆင်းကို ကတိပေးခဲ့သည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံရှိ အိန္ဒိယ-ပါကစ္စတန် အီရန်ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးကိစ္စ ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ ပီတီအိုင်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလိုလားသူများက ကမ္ဘာကြီးပူနွေးလာမှု ထိန်းချုပ်ပေးရန် ဆန္ဒပြတောင်းဆိုနေကြသည်ကို ဧပြီ ၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘောဒီးယားနိုင်ငံတွင် မိန်းကလေးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံး

ဖနောင်ပင် ဧပြီ ၇

ဗီယက်နမ်နိုင်ငံနှင့်ထိစပ်နေသော ကမ္ဘောဒီးယားနယ်စပ်ခပုန်ချမ်ပြည်နယ် ဖိုဟမ်ကရက်ခရိုင်မှ အသက်၁၃နှစ်အရွယ်မိန်းကလေးငယ်တစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၍ သေဆုံးခဲ့ရကြောင်း ဧပြီ၆ရက်က ကမ္ဘောဒီးယားကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

ယခုသေဆုံးမှုပါဆိုလျှင် ကမ္ဘာဒီးယားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးရသူစုစုပေါင်းသည် ခုနစ်ဦးရှိသွားပြီဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးတွဲထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ ၎င်းအမျိုးသမီးသည် ၂၀၀၇ခုနှစ်အတွင်း ကမ္ဘောဒီးယား၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ပထမဦးဆုံး သေဆုံးရသူပင်ဖြစ်သည်။

ဧပြီ၂ရက်နေ့က ၎င်းအမျိုးသမီးငယ်သည် ကိုယ်အပူချိန်တက်လာပြီး ဝမ်းလျှောသဖြင့် ဒေသတွင်းဆေးရုံသို့ရောက်လာသည်။ သူမသည် ချောင်းဆိုးခြင်း၊ အသက်ရှုမဝခြင်းများပါဖြစ်ပေါ်လာပြီး အခြေအနေဆိုးရွားလာသဖြင့် ဖနောင်ပင်မြို့ရှိ ကန်သာဘိုဖာဆေးရုံသို့ ဆက်လက်တင်ခဲ့ရသည်။ သို့ရာတွင် ဧပြီ ၅ရက်နေ့ မွန်းလွဲပိုင်းတွင် သေဆုံးသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေးနိုင်ငံ တိရစ္ဆာန်ရုံတွင် ဆင်ထီးက ဆင်မကိုတိုက်ခိုက်သတ်ဖြတ်

ဂျေရုဆလင် ဧပြီ ၇

ဂျူးလူမျိုးတို့၏ ပွဲတော်ရက်အားအတွင်း လူအုပ်စုများ သွားရောက်လည်ပတ်နေသည့် အစ္စရေးတိရစ္ဆာန်ရုံတွင် ဆင်ထီးတစ်ကောင်က ယင်း၏အပေါင်းအဖော် ဆင်မတစ်ကောင်ကို တရကြမ်းတိုက်ခိုက် သတ်ဖြတ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အာဖရိကမှ အသက်(၃၃)နှစ်ရှိ ယော့စီအမည်ရှိ ဆင်ထီးနှင့် ဆင်အုပ်စုခေါင်းဆောင်က အသက် (၄၆)နှစ်အရွယ် အတာရီအမည်ရှိ ဆင်မနောက်သို့ လိုက်ခဲ့ပြီး ကျောက်နံရံတိုင်ဖြင့် အကြိမ်ကြိမ် ကိုင်ရိုက်ကာ တရကြမ်းတိုက်ခိုက်သည်ဟု ရုပ်မြင်သံကြားတွင် ဖော်ပြသည်။

ယင်းတိရစ္ဆာန်ရုံသို့ လာရောက်လည်ပတ်ကြသည့် ထောင်ချီရှိသော လူများက အံ့အားသင့်ပြီး အော်ဟစ်ခဲ့ကြသည်။

ဆင်ထီးဖြစ်သည့် ယော့စီသည် ဖမ်းမိသမျှဆင်များထဲတွင် အကြီးဆုံးဖြစ်ပြီး တန်ချိန်ခုနစ်တန်ရှိကြောင်း၊ အတာရီဆင်မသည် ယော့စီ၏ အလေးချိန် ထက်ဝက်ခန့်သာရှိသည်ဟု တိရစ္ဆာန်ထိန်းသိမ်းသူက ပြောကြားသည်။

အစ္စရေးတိရစ္ဆာန် ရုံပေါက်အတွင်း အဆိုပါ ဆင်သည် မိတ်လိုက်ရာသီတွင် မုန်ယိုနေတတ်ကြောင်း ယခင်ကာလက ယင်းသို့အပြုအမူမျိုး ပြုလုပ်ခဲ့ခြင်း မရှိကြောင်း အချို့သော ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေဇုန်ဒေသ၌ လေယာဉ်သုံးစင်းပျက်ကျ

ရီယိုဒီဂျနေရိုး ဧပြီ ၇

အမေဇုန်မုတ်သုံသစ်တောဒေသတွင် ဧပြီ ၄ ရက် မွန်းလွဲပိုင်းက လေတပ်လေယာဉ်သုံးစင်းပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦးသေဆုံးကြောင်း ဘရာဇီးနိုင်ငံ ဖယ်ဒရယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

တူကာနိုအမျိုးအစားလေယာဉ်သုံးစင်းသည် ရိုရာမာပြည်နယ် ဘိုယာဗစ်တာမြို့တော်၌ ပျံသန်းမှုပြုလုပ်နေစဉ် ရုတ်တရက် ရာသီဥတုပြောင်းလဲပြီး လေပြင်းတိုက်ခတ်လာရာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် လေယာဉ်များပျက်ကျကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါလေယာဉ်များပျက်ကျမှုတွင် လေယာဉ်မှူး တစ်ဦးသေဆုံးပြီး အခြားလေယာဉ်မှူးတစ်ဦးမှာ အသက်ရှင်လျက်ရှိသည်။ ယင်းလေယာဉ်ပျက်နှစ်စင်းကို ကီလိုမီတာ ၂၀ စီအကွာတွင် တွေ့ရှိသည်။ ပျက်ကျ သွားသော တတိယမြောက်လေယာဉ်ကို ကယ်ဆယ်ရေးအဖွဲ့က မတွေ့ရှိကြောင်းနှင့် အဆိုပါ လေယာဉ်မှူး အသက်ရှင်လျက် ရှိ၊ မရှိကို မသိကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝင်ရိုးစွန်းရှိ ရေခဲလွှာများ အရည်ပျော်မှုနှင့် ပင်လယ်ရေမျက်နှာပြင် ပြောင်းလဲမှုကို လေ့လာနိုင်မည့် လူလိုက်ပါခြင်းမရှိသော စူးစမ်းရေးယာဉ်တစ်စင်းအား အမေရိကန်နိုင်ငံ ကင်းဆက်ပြည်နယ် တက္ကသိုလ်၌ ပြသထားသည်ကို ဧပြီ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်တွင်ကားဗုံးပေါက်ကွဲ ရုပ်သံထုတ်လွှင့်မှုခေတ္တရပ်ဆိုင်း

ဘဂ္ဂဒက် ဧပြီ ၇

ဘဂ္ဂဒက်တွင် ဧပြီ ၅ ရက်က ထရပ်ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ရုပ်မြင်သံကြားအသံလွှင့်ဌာနမှ ထုတ်လွှင့်မှုများ အချိန်အတန်ကြာရပ်ဆိုင်းသွားကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားသည်။ အသံထုတ်လွှင့်မှု မိနစ် ၃၀ မျှ ရပ်ဆိုင်းသွားပြီးနောက်တွင်မှ ပုံမှန်ထုတ်လွှင့်မှုများ ပြန်လည်ပြုလုပ်နိုင်ခဲ့သည်။ သေဆုံးသွားသူမှာ အသံလွှင့်ရုံ မန်နေဂျာ၏ လက်ထောက်ဖြစ်သည်။ ဒဏ်ရာရသူများအနက် လေးဦး၏ အခြေအနေမှာလည်း ပြင်းထန်ကြောင်းသိရသည်။

ယင်းဗုံးသည် ဘဂ္ဂဒက်အနောက်ဘက်ရှိ ဂျာမီအာခရိုင်တွင် ပေါက်ကွဲခြင်းဖြစ်ပြီး ထိုထရပ်ကားအနီး၌ ရပ်ထားသော ကားအချို့လည်း ပျက်စီးသွားသည်။ ဂိုဏ်းကွဲ အသင်းကွဲများ၏ တိုက်ခိုက်မှု ပြင်းထန်နေသည့် အချိန်တွင်သတင်းသမားများမှာလည်းပစ်မှတ်များအဖြစ် သတ်မှတ်ခံရကာ မကြာခဏ တိုက်ခိုက်ခံရလေ့ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ဘူတာရုံတွင် ရထားမတော်တဆမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိလာသော မီးသတ်တပ်ဖွဲ့ဝင်များကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အကြမ်းဖက်မှုတိုက်ဖျက်ရေး သတင်းအချက်အလက်ဗဟိုဌာန စင်ကာပူ၌ ဖွင့်လှစ်မည်

စင်ကာပူ ဧပြီ ၇

အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အထောက်အကူ ရရှိစေရန် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများဖော်ထုတ်ရေး သတင်းအချက်အလက်ဗဟိုဌာနကို စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းချန်နယ်နယူးစ်အေးရှားသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

စင်ကာပူအရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့၏ နီးနှောဖလှယ်ပွဲတွင် ပြည်သူများအား ဘေးအန္တရာယ် ဖြစ်စေနိုင်သောပစ္စည်းများကိုတရားမဝင်သိုလှောင်မှု ဖော်ထုတ်ရေး နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တောင်အာဖရိကမှကုန်ပစ္စည်းများ တရုတ်တင်သွင်းမည်

ပရီတိုရီးယား ဧပြီ ၇

တရုတ်နိုင်ငံသည် အင်္ဂါနေ့တွင် လက်မှတ်ရေးထိုးလိုက်သောကန်ထရိုက်စာချုပ်ရှစ်ခုအရ တောင်အာဖရိကနိုင်ငံမှ အရက်၊ သိုးမွေးနှင့် ကြေးနီတို့ကို တင်သွင်းမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါကန်ထရိုက်စာချုပ်ရှစ်ခုအရ ဝယ်ယူမည့် ကုန်ပစ္စည်းတန်ဖိုးမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၄၃ သန်းရှိသည်။ နှစ်နိုင်ငံကုန်သွယ်ရေး မြှင့်တင်ရန်နှင့် တင်သွင်းကုန်နှင့် တင်ပို့ကုန် ကိုက်ညီစေရန် ယင်းစာချုပ်များက အထောက်အကူ ပြုမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးကိုယ်စားလှယ်ဂျင်တိုကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရာရှိများအတွက် ဘာသာရပ်ပို့ချမှု ရက်တိုသင်တန်းဆင်း ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရာရှိများအတွက် ဘာသာရပ်ပို့ချမှု ရက်တို သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၆ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမိုး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ သင်တန်းတာဝန်ခံများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက သင်တန်းမှ ပို့ချလိုက်သည့် ဗဟုသုတ အတွေ့အကြုံများကို မိမိတို့၏ လုပ်ငန်းသဘာဝအလိုက် စနစ်တကျ ထိရောက်စွာ အသုံးချ ဆောင်ရွက်သွားရေးနှင့် ဆက်လက်လေ့လာဆည်းပူးရေး၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိမိတို့၏ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရေး၊ မိမိတို့၏ အရည်အသွေး၊ အရည်အချင်းများ အစဉ်ထက်မြက်နေအောင် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိသော နာဂစီဝရာပဋ္ဌပဋိမာမြတ်စွာဘုရားဆင်းတုတော်မြတ်အား ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိ၏ အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၂ ရက် မြန်မာနှစ်ဆန်း ၁ ရက် ခရစ်နှစ် ၂၀၀၇ ခုနှစ် ဧပြီ ၁၇ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသောအချိန်အခါတွင် မဖူးလိုက်ရ မရှိရလေအောင် သွားရောက် ဖူးမြော်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အရာရှိများအတွက် ဘာသာရပ်ပို့ချမှုရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နွေရာသီ ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၈

(၁၉) နှစ်မြောက် အနုသာသနိ ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ် ပူဇော်ပွဲအဖြစ် ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ၁၀ ရက်စခန်း ဝိပဿနာတရား အားထုတ်ပူဇော်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့ တောင်ကလေးပရိယတ္တိစာသင်တိုက် နာယကချုပ်ဆရာတော် အရှင်ပညာသာမိ(တောမီရဟန်း)က ကိုယ်တိုင်ညွှန်ကြားပြသမည်ဖြစ်ရာ ပါရမီရှင်များ မည်သူမဆို လာရောက်လေ့လာပူဇော်နိုင်ပြီး အနုသာသနိ ဝိပဿနာတရားစခန်းပွဲသို့ နှစ်စဉ်သင်တန်းသား ၈၀၀ ကျော်ရှိကြောင်း သတင်းရရှိသည်။

(က-ပ)

ဓမ္မဝိဟာရီကျောင်း သင်္ကြန်တွင်းအထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဓမ္မဝိဟာရီကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်-၄၂၈၃ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း ဧပြီ၁၀ ရက်မှ ၁၆ ရက်အထိ ခုနစ်ရက်တရားစခန်းပွဲကို အဖွဲ့ချုပ် ဓမ္မကထိက ဘဒ္ဒန္တပဏ္ဍိတ(ဒွိပိဋကဓရ)ဆရာတော်၊ ကျောင်းတိုက်ပဓာနနာယက ဘဒ္ဒန္တဝိသာရဒ(သာသနဓဇဓမ္မာစရိယ)နှင့် သင်တန်းနည်းပြဆရာကြီးဒေါ်ဝိဇ္ဇာသီဂီတို့က ပဋိစ္စသမုပ္ပါဒ်တရားတော်များပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများဧပြီ၉ ရက် ညနေ ၄ နာရီအရောက်လာကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်တွေ့ဆုံ

နေပြည်တော် ဧပြီ ၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား နယူးယောက်မြို့ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆိုင်ရာလက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom နှင့် အဖွဲ့သည် ဧပြီ ၆ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်အား နယူးယောက်မြို့ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် Ms. Margareta Wahlstromနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

Online Wear Fashion ၆၁ ဆိုင်မြောက် ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကဏန်းလုပ်ငန်းရှင်များ အသင်းနာယက၊ လူမှုထူးချွန်(ဒုတိယဆင့်)ဦးမြတ်ဦးတို့ ဆိုင်သစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

Online Wear Fashion ဆိုင်သစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

Online Wear Fashion ဆိုင်သစ်ဖွင့်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၆ရပ်ကွက် ပါရမီလမ်းမကြီး အမှတ်(၉)တွင် ကျင်းပရာ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်၊ ကဏန်းလုပ်ငန်းရှင်များအသင်းနာယက၊လူမှုထူးချွန်ဒုတိယဆင့်ဦးမြတ်ဦးတို့က ဖဲကြိုးဖြတ်၍ ဆိုင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

အထူးဈေး

အဆိုပါ ဆိုင်သစ်သည် ၆၁ ဆိုင်မြောက် Online Branded ရရှိနိုင်သော ဆိုင်ခွဲဖြစ်ပြီး ကျားဝတ်၊ မဝတ်၊ ကလေးဝတ် အရွယ်စုံ အဝတ်အထည်အမျိုးမျိုးတို့ကို သက်ြ်ကန်အကြို အထူးဈေးဖြင့် တစ်နေရာတည်းတွင် စုစည်းရရှိနိုင်ပြီး လက်လီလက်ကား ဝယ်ယူရရှိနိုင်သည်။

ရှင်းလင်းပြသ

ဖွင့်ပွဲအပြီးတွင် တက်ရောက်လာကြသူများအား ပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုးနှင့် ကိုယ်စားလှယ် ဒေါ်ဝါဝါလွင်တို့က ဆိုင်သစ်အတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မောင်တောမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၈

မောင်တောမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်ကြွရောက်ပါရန်နှင့် အသက်(၈၀)နှင့်အထက် အသင်းဝင်များ၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့ကြသော အသင်းဝင် သားသမီးများ၏ အမည်စာရင်းကို ဦးဇော်ဝင်း (ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၀၀၆၈၂၀၊ ဦးခင်လှ(ဒု-ဥက္ကဋ္ဌ)ဖုန်း-၂၉၃၃၅၂၊ ဦးအေးသိန်း (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၅၇၅၁၃၊ ဒေါ်ခင်စောဝေ(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၀၆၅၅၇ တို့သို့ အမြန်ဆုံးဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုပေါင်း ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပ

နေပြည်တော် ဧပြီ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၁၅)ကြိမ်မြောက် မိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

တရားတော်နာယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာလယ်တီစံကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုန္ဒာဝုဓထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော်မူအပ်သော မေတ္တာသုတ် ပရိတ်တရားတော်ကို ပရိသတ်များက နာယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများက သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပါဠိတက္ကသိုလ် ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ကြသည်။

နံနက်ပိုင်းတွင် ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများသည် ပျဉ်းမနားမြို့ မဟာလယ်တီစံ ကျောင်းတိုက်၌ (၁၅)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစု စုပေါင်း ရဟန်းခံ၊ ရှင်ပြု သိမ်တက်မင်္ဂလာပွဲတွင် ဆရာတော် သံဃာတော်များနှင့် ရဟန်း၊ ရှင်သာမဏေတို့အား သိမ်ဆင်းလောင်းလှူကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် စုပေါင်း ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာတွင် နေပြည်တော်၌ ရဟန်းလောင်းအပါး ၂၀ နှင့် ရှင်သာမဏေလောင်း ကိုးပါး၊ ရန်ကုန်မြို့ရှိ ကျောင်းတိုက်များ၌ ရဟန်းလောင်း ၁၆၇ပါး၊ ရှင်သာမဏေလောင်း အပါး ၄၀တို့ကို ဥပသမ္ပဒကံဆောင် ရဟန်းဘောင်နှင့် ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေအဖြစ် သွတ်သွင်းခဲ့ကြကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၁၅)ကြိမ်မြောက် မိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(လယ်/ဆည်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(စွမ်းအင်)

ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေ အစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေအား ပြန်လည်သုံးသပ်ပြီး ယနေ့ကမ္ဘာ့ရေနံဈေးနှုန်း မြင့်မားလျက်ရှိသဖြင့် ပြည်တွင်းသုံးစွဲမှုဖူလုံစေရေး အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး၊ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံပိုင်ပစ္စည်းများ အလေအလွင့်ဆုံးရှုံးမှုမဖြစ်စေရေးနှင့် မသမာမှုများ ပပျောက်ရေးအတွက် အဆင့်ဆင့် ကြပ်မတ်ထိန်းသိမ်းရေး တို့ကို ပြောကြားသည်။

ထို့နောက် ရေနံမြေ အထွေထွေ မန်နေဂျာများက မိမိတို့ရေနံမြေ အလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး၊ ရည်မှန်းချက်ပြည့်မီရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ညွှန်ကြားရေးမှူးများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ဖြည့်စွက်ရှင်းလင်း တင်ပြကြကာ အစည်းအဝေး ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားသည်။

အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကဏ္ဍအသီးသီး အလိုက်တင်ပြကြပြီး ဝန်ကြီးက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ရေနံမြေများအလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်ရေး အတွက် လျာထားချက်များ ချမှတ်ပေးပြီး ရေနံမြေအသစ်များ ရှာဖွေတူးဖော်မည့် အစီအမံများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး၏ အဓိက အခြေခံဖြစ်သော လက်ရှိရေနံ အထွက်နှုန်း မကျဆင်းစေရေးနှင့် သတ်မှတ်ကာလများအလိုက် တွင်းသစ်များ ရှာဖွေတူးဖော်ပြီး ရေနံမြေသစ်များ ပေါ်ထွက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပညာရှင်များ ခါးဆက်မပြတ်ရေးအတွက် အရည်အချင်းရှိသူ၊ ရိုးသားကြိုးစားသူများကို ရွေးထုတ်လေ့ကျင့်ပေးသွားရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးသည် ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန်းရေနံမြေရှိ အောင်မြင်စွာ Reopen ပြုလုပ်ကာ ရေနံထုတ်လုပ်လျက်ရှိသော တွင်းအမှတ်(၄၂၂)အား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းမှ နေ့စဉ်ရေနံစိမ်း ၁၃၅ စည်ခန့် ထွက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ထောက်ရှာပင်-ကမ်းနီ ရေနံမြေတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် Focus Energy တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တွင်းအမှတ် (၇၃၄)အား သွားရောက်ကြည့်ရှု စစ်ဆေးကာ ဝန်ကြီးက အောင်မြင်စွာတူးဖော်ပြီးစီးခဲ့သည့် တွင်းအမှတ်(၇၃၄)၏ ဘားခလုတ်ကို ဖွင့်လှစ်ကာ သဘာဝဓာတ်ငွေ့ကို မီးရှို့စမ်းသပ်ပေးသည်။ အဆိုပါတွင်းမှ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ ဒသမ ၀၂ သန်းခန့် ထွက်ရှိကြောင်း သိရှိရသည်။

ထို့နောက် လက်ရှိတူးဖော်လျက်ရှိသော တွင်းအမှတ် (၇၄၁)အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ရန်ကုန်တိုင်းစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း မူးယစ်အသိပညာပေး ဆွေးနွေးပွဲ တာမွေ၌ ကျင်းပ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းနှင့် တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ မူးယစ်အသိပညာပေးခြင်းနှင့် HIV/AIDS ရောဂါအကြောင်းနှင့် ဆက်နွှယ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်း ဟောပြောပွဲကို ယမန်နေ့ နံနက်က တာမွေမြို့နယ် ၁၃၃ လမ်းရှိ အလက(၃) တာမွေ ကျောင်းခန်းမတွင် ကျင်းပရာ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဟောပြောဆွေးနွေးပွဲတွင် တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးညာဏ်ဝင်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဝါးသုံးစွဲသူများ၏ မိသားစုဝင်များ၏ ပြဿနာရပ်နှင့် ဆေးဖြတ်ပြီးသူများအား လူမှုဝန်ထမ်းဦးစီးဌာန၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ညွှန့်က HIV/AIDS ရောဂါနှင့် ဆက်နွှယ်သည့် ပြန်လည်ထူထောင်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးသန်းက ပြန်လည်ထူထောင်ပြီးနောက် ရပ်ကွက်အတွင်း ပြန်လည်ရောက်ရှိစဉ် ကြုံတွေ့ရသည့်ပြဿနာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ မြို့နယ် အရန်မီးသတ်တပ်ရင်းသို့ အလှူငွေ ကျပ် ၂၀၀၀၀ ပေးအပ်ရာ ဒုတပ်ရင်းမှူး ဦးမောင်မောင်အေးက လက်ခံယူပြီး ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ဂုဏ်ပြုလွှာပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအေးလွင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ထားဝယ်သင်္ကြန်(ရေးဇီမှန်း)ပွဲ

ရန်ကုန် ဧပြီ ၈

ထားဝယ်အသင်း၏ သင်္ကြန် (ရေးဇီမှန်း)ပွဲကို သင်္ကြန်အကြို ဧပြီ ၁၃ရက် (သောကြာနေ့) နံနက် ၈ နာရီမှ ၁၀နာရီအတွင်း ထားဝယ်အသင်းတိုက် အမှတ်(၈၂၈) မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ထားဝယ်သူ၊ ထားဝယ်သားများနှင့် မိတ်သင်္ဂဟများ ကြွရောက်သုံးဆောင်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။
(က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဧပြီ ၁ရက်က နှစ်ဖက်သောမိဘများကို ဦးထိပ်ထား၍ မော်လမြိုင်မြို့ ဈေးကြိုရပ်နေ ဦးစန်းအောင်-ဒေါ်ခင်ဝင်းရီ(မွန်ပြည်နယ် နှစ်ရှည်ပင်) သမီး မသက်မာဦး၊ သား မောင်သက်ပိုင်ဦး၊ မောင်သက်ဇော်ဦး မိသားစုက ငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။
(၂၅၇)

စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် စတုဘုမ္မိက မဂ္ဂင်ရိပ်သာတွင် ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယက ဘဒ္ဒန္တ ကုမာရ (သာသနဓဇ၊ ဓမ္မာစရိယ၊ ဝိနယဝိဂူ၊ ကမ္မဋ္ဌာနာစရိယ)နှင့် စတုဘုမ္မိက သာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့မှ ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ တရားစခန်း ဖွင့်မည်ဖြစ်ရာ တရားအားထုတ်လိုသူများ၊ ဒုလ္လဘ ရဟန်း၊ ရှင်သာမဏေ၊ သီလရှင် ဝတ်လိုသူများ၊ ယောဂီဝတ်လိုသူများ ဦးအေးသိန်း ဖုန်း-၅၈၀၁၄၂၊ ဦးတင်အောင် ဖုန်း-၅၅၂၂၅၁၊ ဦးဝင်းကြိုင် ဖုန်း-၅၇၁၉၂၉ တို့ထံ ဧပြီ ၁၂ ရက်နောက်ဆုံးထား ဆက်သွယ်နိုင်ကြောင်း သိရသည်။
(က-ပ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ပြီး အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (ဘဏ္ဍာ/အခွန်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဧပြီ ၄ ရက်တွင် ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့်ဧပြီ ၅ရက်တွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး (11th ASEAN Finance Minister Meeting)များသို့ တက်ရောက်ပြီး ယနေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ချင်းမိုင်မြို့ရှိ Mandarin Oriental Dhara Dhevi ၌ ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေး ဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ အာဆီယံ(၁၀)နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် အာဆီယံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အသိုင်းအဝိုင်း (ASEAN Economic Community(AEC)Blueprint) အခြေခံအဆောက်အအုံဆိုင်ရာငွေကြေး ထောက်ပံ့ပေးမှု အစီအစဉ် (Infrastructure Development Financial Mechanism) ကိစ္စရပ်များ အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။(AEC)Blueprint အရ ဒေသတွင်း အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ ပေါင်းစည်းဆောင်ရွက်နေပါကြောင်း၊ ဒေသတွင်း အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရင်းနှီးမြှုပ်နှံမှုကို နည်းလမ်းတကျ ရင်းနှီးမြှုပ်နှံရေးကို ထောက်ခံပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံသစ်များ ဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်တို့တွင် အခြားသော ဖွံ့ဖြိုးနေသည့် အဖွဲ့ဝင်များနည်းတူ စွမ်းဆောင်နိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် အထောက်အကူပြုမည့် အစီအစဉ်များ လိုအပ်ပါကြောင်းကို မြန်မာနိုင်ငံမှ ပါဝင်ဆွေးနွေးခဲ့သည်။အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပထမ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး Mr. John Lipsky က ကမ္ဘာ့စီးပွားရေး အခြေအနေနှင့်အလားအလာအပေါ် ရှင်းလင်းတင်ပြခဲ့သည်။

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကိုဧပြီ ၅ရက် နံနက် ၈နာရီခွဲတွင် ဆက်လက်ကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၏ သဘာပတိဖြစ်သူ Dr. Chalongphob Sussangkarn က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေ သုံးသပ်ချက်နှင့် မူဝါဒရေးရာ ကိစ္စရပ်များကို အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် Mr. Ong Keng Yong က တင်ပြပြီး အာရှဖွံ့ဖြိုးရေး ဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda က အာဆီယံ စီးပွားရေး အလားအလာနှင့် မူဝါဒဆိုင်ရာ ကိစ္စရပ်များကို တင်ပြရာ ဘဏ္ဍာရေး ဝန်ကြီးများက တင်ပြချက်များအပေါ် အမြင်ချင်းဆွေးနွေးဖလှယ်ကြသည်။

လမ်းညွှန်မှုပြု

ဘဏ္ဍာရေးဝန်ကြီးများသည် ဒေသတွင်း လတ်တလော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အသိုင်းအဝိုင်း၊ အရင်းအနှီးဈေးကွက် ခိုင်မာတောင့်တင်းရေး၊ငွေကြေးဝန်ဆောင်မှုဖြေလျှော့ပေးရေး တွန်းအားပေးမှု၊ အခြေခံ အဆောက်အအုံဆိုင်ရာ ငွေကြေး ထောက်ပံ့မှု ရရှိရေး၊ ရပိုင်ခွင့်အဆင့်အတန်း တစ်ရပ်အဖြစ် အာဆီယံကို တိုးမြှင့်ရေး၊ အခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ရှေ့ဆက်လက် ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ကြသည်။

ပူးတွဲသတင်းထုတ်ပြန်

ယင်းနောက် အာဆီယံ ဘဏ္ဍာရေး ဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး သတင်းစာ ရှင်းလင်းပွဲကို ကျင်းပသည်။

ဝန်ကြီးနှင့်အတူ အစည်းအဝေးသို့ လိုက်ပါသွားသော မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်တို့နှင့် အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွဋ်တို့လည်း ပြန်လည် လိုက်ပါလာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ(ရွှေသီဂီရိတနာ ဓမ္မာရုံ၊ ၉၈၊ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း ရှစ်မိုင်ခွဲနေ ဦးမောင်မောင်၊ ဒေါ်မြင့်မြင့် မိသားစုက သားမောင်ဝင်းကျော် မွေးနေ့အထိမ်းအမှတ် ငွေကျပ် တစ်သိန်းကို ဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံ လှူဒါန်းစဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၅) ဖြန့်ချိ

ရန်ကုန် ဧပြီ ၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၅)တွင် ရာသီဥတုပူပြင်းချိန်တွင် အပူနှင့် လိုက်လျောညီထွေ နေထိုင်တတ်ရန်လို၊ ရန်ကုန်လေဆိပ်သစ်ကြီးတွင် ဂျီအက်စ်အမ်ဖုန်းများ လွယ်ကူစွာ အသုံးပြုနိုင်ပြီ၊ မြန်မာဘွဲ့ရ လူငယ်များ အီးယူ၂၅ နိုင်ငံတွင် ပညာသင်ဆု လျှောက်ထားနိုင်၊ တောဆင်ရိုင်းများ နှောင့်ယှက်မှုကြောင့် လှည်းကူးမြို့နယ်အတွင်းရှိ မရမ်းချောင်းကျေးရွာအုပ်စု၌ လူ၂၅ဦး သေဆုံးခဲ့၊ အပိုလို ခရီးသည်တင် ဖိမ်ခံသင်္ဘောမှ မြန်မာ သင်္ဘောသားများ လာရောက်ခေါ်ယူမည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"နွေအပူနှင့်အတူ ဖာဂူဆန်နဲ့မော်ရင်ဟိုတို့ရဲ့ရင်ကို လောင်မြိုက်စေခဲ့တဲ့ ချန်ပီယံလိဂ်ညတစ်ည" အားကစားဆောင်းပါးနှင့်အတူ စင်ကာပူနိုင်ငံရှိ နိုင်ငံခြားသား ဉာဏလုပ်သားများ ဘွဲ့လက်မှတ်အတုဖြင့် အလုပ်ပါမစ်လျှောက်သူ တိုးပွားလာနေ၊ အာရှ၏ အိတ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်း ရှေ့ငါးနှစ်အတွင်း နှစ်ဆ ဖြစ်လာနိုင်၊ ခွေးဟောင်ခြင်းဆိုင်ရာ ဥပဒေအား ကန့်ကွက်သူတရားရုံးမှ ပယ်ချ၊ ကမ္ဘာ့အရပ်မြင့်ဆုံးလူသား လက်ထပ်မင်္ဂလာကျင်းပ၊ စင်ကာပူ အကြမ်းဖက်မှုဆိုင်ရာ အကယ်ဒမီသရုပ်ပြပွဲတင်ပြ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ (သတင်းစဉ်)

အရှင်စန္ဒသာရ(ကျောင်းကုန်း) အထူးတရားပွဲ

ရန်ကုန် ဧပြီ ၈

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ အရှင်စန္ဒသာရ(ကျောင်းကုန်း)သည် ဧပြီ ၁၂ ရက် ည ၇ နာရီတွင် ဖျာပုံမြို့ ထန်းပင် ပရိယတ္တိစာသင်တိုက် မဏိရတနာ အမှတ်(၁) ကျောင်းဆောင်ကြီး၌ အလှူဒါယကာ ကိုအောင်ခိုင်-အလှူဒါယိကာမ မကြူကြူမိသားစုတို့၏ သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်အောင်ပွဲ ဓမ္မသဘင်တွင် တရားဟောကြားမည်ဖြစ်ကြောင်းနှင့် ဆရာတော်နှင့် ဆက်သွယ်လိုလျှင် ဖုန်း-၀၉-၅၁၄၇၄၄၈၊ ၀၄၆-၄၀၄၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပန်းဘဲတန်းမြို့နယ် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီ ၃ ရက်က မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဟေဂဏ(ကျိုက်ပိ)ဆရာတော်အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (၂၃)

ရေဦးဆရာတော်နှင့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဧပြီ ၈

ဧရာဝတီတိုင်း ဇလွန်မြို့ မဟာသာကျေးရွာ ဓမ္မသဘင်၌ ဧပြီ ၉ ရက်တွင် ဖြူးဆရာတော်၏တပည့် ရေဦးဆရာတော် အရှင်နေမိန္ဒ အရှင်သူမြတ်က လည်းကောင်း၊ ၁၀ ရက်တွင် မြိုင်ဆရာတော် အရှင်ပညာဇောတ အရှင်သူမြတ်တို့ကလည်းကောင်း ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဧပြီ ၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော် အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပ်မတ်ကြသည်။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့်ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်း တို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ဧပြီ ၇ ရက်က တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ ၂၀၀၇ ဒုတိယ မြောက်နေ့တွင် ပြပွဲလာပရိသတ်များ ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။ (အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

✻ ရှေ့ဖုံးမှ

ဆက်လက်၍ စီမံကိန်းမန်နေဂျာ ဦးမောင်မောင်သက်က ရော်ဘာခြံ တည်ထောင်ခြင်း ရည်ရွယ်ချက်၊ စိုက်ခင်းတည်ထောင်မှု၊ ရော်ဘာပျိုးပင် အမျိုးအစား ၁၁ မျိုး ဝယ်ယူစုဆောင်းမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သတ်မှတ်ထားသော ဧက ၃၀၀၀ ကို ၂၀၀၇–၂၀၀၈တွင် အပြီးစိုက်ပျိုးသွားရေး၊ ဒေသတွင်းနေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးရေး တို့ကို မှာကြားပြီး ရော်ဘာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် ဖွဲကလာကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူလယ်သမား များနှင့် တွေ့ဆုံ၍ နွေစပါးတိုးတက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ရှေးဦးစွာ ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ဘီးလင်းမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါး စိုက်ပျိုးပြီးစီးမှု၊ ဒေသဆန်ဖူလုံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်တင်က ဘီးလင်းမြို့နယ်၌ နွေစပါးစိုက်ပျိုးရန် ရေရရှိရေးအတွက် နည်းလမ်း အသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြစ်ချောင်းများရှိ မြေနုကျွန်းများတွင် ဒေသအတွက် စားသုံးသီးနှံများကို စိုက်ပျိုးသွားရေး၊ နွေစပါးတစ်သီးသာ စိုက်ပျိုးနိုင်သော လယ်မြေများတွင် အထွက်နှုန်း ပိုမို တိုးတက်အောင် စိုက်ပျိုးသွားကြရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ထို့နောက် ဒေသခံတောင်သူများက နွေစပါးစိုက်ဧက တိုးတက်ရေး၊ အထွက်နှုန်းတိုးမြင့်ရေးတို့အတွက် လိုအပ်ချက်များကို တင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားပြီး စပါးခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင် များသည် ကျိုက်ထိုမြို့ မြို့နယ်ခန်းမ၌ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ် တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က သက်ဆိုင်ရာ မြို့နယ်အလိုက် ဒေသဆိုင်ရာ အချက်အလက်များ၊ စီးပွားရေး၊ လူမှုရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သိန်းက ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ များ၏ စီမံခန့်ခွဲမှုအခန်းကဏ္ဍကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြား ရာတွင် ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်တို့တွင် စပါးစိုက်ပျိုးရန် ရေခံမြေခံ ကောင်း၍ စိုက်ပျိုးမြေ ဖော်ထုတ်နိုင်သည့် အခွင့်အလမ်းများရှိရာ ဒေသဆန် ဖူလုံရေးကို အဓိကအလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မွန်ပြည်နယ်အနေဖြင့် စပါးစိုက်ဧက ၁၀ သိန်း သတ်မှတ်ပေးထားရာ စိုက်ဧကပြည့်မီအောင် တစ်မိုးနှစ်သီး စိုက်သွားရန်လိုကြောင်း။

နှစ်စဉ် ရော်ဘာစိုက်ဧက တိုးတက်ရန်လိုကြောင်း၊ ရော်ဘာ စိုက်ပျိုးမှု အတွက် နိုင်ငံတော်က စိုက်ပျိုးမြေ၊ နည်းပညာတို့ကို ပံ့ပိုးပေးလျက်ရှိ ကြောင်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူတို့ကိုလည်း တိုးတက်စိုက်ပျိုး ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်ထို မြို့မှ ကျိုက်ထို–ကင်ပွန်းစခန်း ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ရော်ဘာခြံများကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်မည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၂) ကြာပန်း–ဝင်းကံလမ်း၏ ကျိုက်ထိုမြို့နယ် အပိုင်း(၄) ဇီးကုန်း–ဆင်တွင်းလမ်းပိုင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျိုက်ထို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးက ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၏ အပိုင်း(၄) ဇီးကုန်း–ဆင်တွင်း ၁၄ မိုင်နှင့် အပိုင်း(၅) ဆင်တွင်း–ဝင်းကံ ၁၃ မိုင် စုစုပေါင်း ၂၇ မိုင်တွင် ၁၁ မိုင်ကို ဂဝံခင်းပြီးစီးမှု၊ ကျန် ၁၆ မိုင်ကို ဆက်လက်၍ ဂဝံခင်းနေမှုအခြေအနေ၊ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေ တို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မိုးမကျမီ ရေနုတ်မြောင်း တူးဖော်ခြင်းကို ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားပြီး လမ်းပိုင်းဆောင်ရွက် ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးရာ အပိုင်း(၄) ဇီးကုန်း–ဆင်တွင်းလမ်းပိုင်းရှိ ဂုံညင်းနွယ်ချောင်း တံတားကို အုတ်ခုံသစ်သားတံတားအဖြစ် အလျားပေ ၂၀၊ အနံ ၁၈ ပေ တည်ဆောက်ထားရှိမှု၊ လမ်းနှင့် တံတား ဆက်သွယ်မြေဖို့နိုင်မည့် အခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် အပိုင်း(၄) ဇီးကုန်း–ဆင်တွင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာ ကြပြီး မိုင်တိုင်အမှတ် (၁၅/၃) အနီး၌ ခဝါချောင်းနေရာ၌ တံတား တည်ဆောက်ရန် နေရာရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးကာ ဒေသခံ ပြည်သူများအား ရော်ဘာစိုက်ခင်းများ ထူထောင်စိုက်ပျိုးရေးတို့ကို မှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ရာ ဇီးမြောင်းကျေးရွာအနီး၌ စက်ယန္တရားဖြင့် မြေသားလမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင် (၁၈/၄)အနီး လမ်းဆုံရှိ လမ်းညွှန်ဆိုင်းဘုတ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက် ဝဲယာရှိ ရော်ဘာစိုက်ခင်းများ၊ နှစ်ရှည်ပင်စိုက်ခင်း များကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၂၀/၄)အနီးရှိ ဝက်ဝံတောင်ကြီးဝိုင်း ရဲထွန်းကုမ္ပဏီ၏ ရော်ဘာ သစ်တောစိုက်ခင်း ရှင်းလင်းဆောင်၌ ပြည်နယ်မြေစာရင်းဦးစီးမှူးက မွန်ပြည်နယ်၏ မြေယာအသုံးချမှု၊ လုပ်မြေ မြေရိုင်းဖော်ထုတ်မှုနှင့် ဝင်းကံ– သဲအိမ်–မုတ္တမဒေသ ဖွံ့ဖြိုးရေးလမ်းဖောက်လုပ်ခြင်းကြောင့် လမ်းဘေးဝဲယာ ဒေသတို့၌ စိုက်ပျိုးရေး တိုးတက်လာမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနမှူးနှင့် မြန်မာ့ နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူတို့က ဝက်ဝံတောင်ကြီးဝိုင်းရှိ မြေယာ အသုံးချမှု အခြေအနေများနှင့် မြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးမှု တိုးတက် လာမှုအခြေအနေ၊ ရော်ဘာစိုက်ပျိုးရန် မြေယာချထားပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လမ်း၏ အရှေ့ဘက်ခြမ်း တွင် ရော်ဘာစိုက်ပျိုးမြေအဖြစ် အသုံးပြုရန် တာဝန်ရှိသူများအား မှာကြား သည်။

ထို့နောက် ရဲထွန်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲထွန်းက ရော်ဘာနှင့် သစ်တောစိုက်ပျိုးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်း က သတ်မှတ်ထားသည့်အတိုင်း ရော်ဘာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားပြီး စက်ယန္တရားများဖြင့် ဂဝံမြေဖို့ဆောင်ရွက်နေမှု အခြေအနေနှင့် ဇီးကုန်း–ဆင်တွင်း–ဝင်းကံလမ်းမှ သိမ်ဇရပ်နှင့် သုံးခွကျေးရွာသို့သွားသော လမ်းဆုံမှတစ်ဆင့် ဝင်းကံရွာရှိ ကျုံမကူးချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားအား အရှည်ပေ ၂၂၀၊ အကျယ် ၁၂ ပေ တည်ဆောက်ထားပြီး ဘေလီသံပေါင်သစ်သား ကြမ်းခင်းတံတားအဖြစ် ခံနိုင်ဝန် ၁၂ တန် ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားမှု၊ ခံနိုင်ဝန် တန် ၆၀ အထိ ရည်ရွယ်၍ အဆင့်မြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသခံတိုင်းရင်းသားပြည်သူ များအား တံတားကြီးအား ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရေး၊ နိုင်ငံတော်အစိုးရ၏ စေတနာကို ဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းဖြင့် တုံ့ပြန်ကြရန် မှာကြားပြီး ဝင်းကံရွာမှ ပြန်လည်ထွက်ခွာ၍ စစ်တောင်း စက္ကူစက်အနီးရှိ တနော့ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်း ဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) လက်ထောက် ညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများက တနော့ရေလှောင်တမံ ဆိုင်ရာ အချက်အလက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရှင်းလင်းဆောင် ရှေ့ရှိ ရှုရပ်မှ ရေလှောင်တမံ မြေသားပြုပြင် မြေဖို့တည်ဆောက်နေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

တနော့ရေလှောင်တမံစီမံကိန်းကို ကျိုက်ထိုမြို့နယ် စစ်တောင်း စက္ကူစက်အနီး တနော့ချောင်းပေါ်၌ တည်ဆောက်လျက်ရှိပြီး စစ်တောင်း စက္ကူစက်အတွက် စက်ရုံသုံးရေနှင့် သောက်သုံးရေ တစ်နေ့လျှင် ဂါလန် ၉ ဒသမ ၅ သန်း ပေးဝေရန်နှင့် ပတ်ဝန်းကျင်ဒေသကို သောက်သုံးရေပေး ဝေနိုင်ရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သည်။

စစ်တောင်းတံတား(မုပ္ပလင်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနော့ရေလှောင်တမံ စီမံကိန်းမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြကာ စစ်တောင်း တံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး "ကျွန်တော့်ရွာစာပျိုးခင်း" စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် သည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက "ကျွန်တော့်ရွာ စာပျိုးခင်း" စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံကို စာကြည့်တိုက်ဖြစ်မြောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကြည်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဆယ်တို့ထံ ပေးအပ် သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စာကြည့်တိုက် အတွက် စာအုပ်များကို စာကြည့်တိုက် ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ထံ ပေးအပ်သည်။

အဆိုပါ "ကျွန်တော့်ရွာစာပျိုးခင်း" စာကြည့်တိုက်အတွက် စာအုပ် မျိုးစုံ ၁၉၄၄ အုပ်ကို ပေးအပ်ခြင်းဖြစ်ပြီး အဆောက်အအုံသစ်မှာ အလျား ပေ ၃၀၊ အနံ ၂၅ ပေခွဲ၊ အမြင့် ၁၀ ပေရှိ သွပ်မိုးအုတ်ကာ၊ မျက်နှာစာ သံဆန်ခါ အဆောက်အအုံဖြစ်ပြီး အလှူရှင်များနှင့် ကျေးရွာပြည်သူတို့က ငွေကျပ်သိန်း ၃၀ခန့်ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မော်တော်ယာဉ် ဖြင့် နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဧပြီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်သို့ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော Wood Land ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က လုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက အမျိုးသား ကန်တော်ကြီးဥယျာဉ် အတွင်း သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရာသီပန်းများ အဆက်မပြတ် ပွင့်နေစေရေးတို့ကို မှာကြားပြီး ဥယျာဉ်အတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ ရောက်ရှိလာရာ ဥယျာဉ်တာဝန်ခံ ဦးဇော်ထွန်းက ခရီးသည်လာရောက်မှု၊ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်လှပရေး ဆောင်ရွက်ထားရှိမှု များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ဖြည့်စွက်မှာကြားပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ် အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အမရပူရ မြို့နယ် အမှတ်(၁၀၃) သစ်စက်ခန်းမ ဆောင်၌ မန္တလေးတိုင်း၊ စစ်ကိုင်း တိုင်းနှင့် မကွေးတိုင်းတို့ရှိ သစ်တော ဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေး ဦးစီးဌာနနှင့် မြန်မာ့ သစ်လုပ်ငန်းတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ဝန်ထမ်းများအား အမှာ စကားပြောကြားရာတွင် နိုင်ငံတော်က ပေးအပ်ထားသော လုပ်ငန်းတာဝန် များ၊ ရည်မှန်းချက် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးအလွဲ သုံးစားမှုနှင့် ပစ္စည်းအလွဲသုံးစားမှုများ ကင်းရှင်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မန္တလေးမြို့ အမရပူရမြို့နယ် အမှတ်(၁၀၃) သစ်စက်ခန်းမ ဆောင်တွင် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ရှိ သစ်တောရေးရာ ဝန်ကြီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။

(သစ်တောရေးရာ)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း အခြေခံပညာ အထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာပြဆရာများ မွမ်းမံသင်တန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသုခနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ တောင်ငူတက္ကသိုလ်သို့ ရောက်ရှိ၍ တက္ကသိုလ်၏ သင်ကြားရေး၊အုပ်ချုပ်ရေးနှင့် သုတေသနကိစ္စများ ဆွေးနွေးမှာကြားပြီး ဖွင့်လှစ်လျက်ရှိသော ပဲခူးတိုင်း(အရှေ့)အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် တောင်ငူတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ဌာနမှူးများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဦးကျော်ရဲထွန်းက တက္ကသိုလ်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခ၊ ဌာနမှူးများက ဌာနအလိုက် သင်ကြားရေးကိစ္စများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် တောင်ငူတက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသော ပဲခူးတိုင်း (အရှေ့) အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းသို့ သွားရောက်ကာ သင်တန်းသား၊ သင်တန်းသူများ၏ လက်တွေ့ လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ သင်တန်းသို့ ပဲခူးတိုင်း (အရှေ့)ရှိ မြို့နယ် ခြောက်ခုမှ သင်တန်းသား ဆရာ၊ ဆရာမ ၈၂ဦး တက်ရောက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူပညာရေးကောလိပ်သို့ ရောက်ရှိကြရာ ဒုတိယကျောင်းအုပ်ကြီးဒေါ်နုနုရီက သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘာသာရပ်ဌာနအလိုက် ဆရာ၊ ဆရာမများက သင်ကြားမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဌာနအသီးသီး၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းကွန်းကျောင်းတိုက်(၂) ရှင်တစ်ရာပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်လမ်းရှိ မင်းကွန်းကျောင်းတိုက်(၂)၌ မင်းကွန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက သက်တော်ရှည် သုခမာရ် အောင်ကျောင်းဆရာတော် ဘဒ္ဒန္တကေသရ ကြီးမှူး၍ ရှင် ၁၀၈ ပါး၊ ရဟန်း ၁၀ပါးတို့အား ဧပြီ ၁၁ရက်နှင့် ၁၂ ရက်များတွင် ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၈

မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒကိုခံယူလျက် ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကြီးက စတုတ္ထအကြိမ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၂၀ ရက်အထိ မြို့နယ်ဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများ ဦးဝင်းဇော် (၈၂/ခ) မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ သင်တန်းအတွက် လှူဒါန်းလိုသူများ ဖုန်း-၅၅၈၈၅၀၊ ၀၉ ၅၁ ၃၂၈၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြို့နယ်အတွင်းရှိ ကျောင်းများတွင် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ ဖွင့်လှစ်ထားရှိရာ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက် သင်တန်းဆင်းပွဲတွင် ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် (သင်တန်းတာဝန်ခံ) ဦးထင်အောင် ဆုရရှိသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်နှင့် ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဧပြီ ၂ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၌ မိုးကုတ်မြို့ ရှမ်းစုရပ်နေ ဦးအောင်သိန်းမိသားစု၊ မြို့မရပ်နေ ဦးအောင်ကြည်မိသားစုတို့၏ ဒေသခံတိုင်းရင်းသား ၃၀၀တို့အား စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကန်ပက်လက်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းနှင့် အခြေခံ အင်္ဂလိပ်စကားပြော သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်း၍ အသင်းဝင်အဆိုပြုလွှာ ၂၀၀ကို လက်ခံသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၃ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့ပေါ်ရှိ ခရစ်ယာန်အသင်းတော်များသို့ သွားရောက်ပြီး သိက္ခာတော်ရဆရာတော်များ၊ သင်းအုပ်ဆရာတော်များနှင့် အသင်းသူ၊ အသင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီး အသင်းတော်များ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကန်ပက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ လက်ဖက်ပျိုးခင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းပိုင် လက်ဖက်ဧက ၅၀စိုက်ခင်း၌ လက်ဖက်ပင်များ ရှင်သန်ပေါက်ရောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးကျင်းပသော ခရိုင်အဆင့် အခြေခံကြံ့ခိုင်ရေးသင်တန်းသို့ သွားရောက်၍ သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၄ ရက် နံနက်ပိုင်း၌ မင်းတပ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းသို့ ရောက်ရှိပြီး ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)လမ်းနေ သီရိသုဓမ္မမဏိဇောတရေ ဦးထွန်းရှိန်နှင့် သမီးများက ဒေသခံတိုင်းရင်းသားရှင်အပါး ၅၀၀ စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဦးထွန်းရှိန်နှင့် သမီးများက မင်းတပ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်း ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၅၀ နှင့် မင်းတပ်မြို့ ရေရရှိရေးအတွက် အလှူငွေကျပ်သိန်း ၈၀တို့ကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မင်းတပ်-မတူပီလမ်း ရမ်တိန်းကျေးရွာရှိ မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းပိုင် နွားနောက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး မွေးမြူထားရှိသော နွားနောက်များအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၅ရက် နံနက်ပိုင်းတွင် မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပြုစုပျိုးထောင်ထားသော လက်ဖက်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး မတူပီမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသော ခါနွေဦးကာလ နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အသင်းဝင် အဆိုပြုလွှာ ၅၇၃စောင်ကို လက်ခံရယူကာ သင်တန်းအတွက် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မတူပီမြို့ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ မတူပီမြို့နယ်အတွင်းရှိ ခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရ ဆရာတော်များ၊ ဓမ္မဆရာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး အသင်းတော်များအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကာ မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ မြို့နယ်အမှုဆောင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၆ရက်တွင် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ ခါနွေဦးကာလ သင်တန်းများဖွင့်ပွဲနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အခြေခံကြံ့ခိုင်ရေး သင်တန်းအတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ဟီလောင်းကျေးရွာ ဖိုကျေးရွာအုပ်စုသို့ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အဝတ်အထည်များအား ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းပြီး ဗဟိုအလုပ်အမှုဆောင်က အသင်းဝင်အဆိုပြုလွှာ ၄၉၅စောင်ကို လက်ခံသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မင်းတပ်မြို့ မြို့မနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ မြို့နယ်အတွင်းရှိ ခရစ်ယာန်အသင်းတော်များသို့ သွားရောက်ကာ သိက္ခာတော်ရ ဆရာတော်များ၊ ဓမ္မဆရာများနှင့် အသင်းသား အသင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီး အသင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၇ရက် နံနက်ပိုင်းတွင် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ်များမှ အလုပ်အမှုဆောင်များအား တွေ့ဆုံ အမှာစကား ပြောကြားပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ ပြည်ပမှ လေကြောင်းခရီးဖြင့် ပြန်လည်ကြွရောက်လာစဉ်။

(သတင်းစဉ်)

ပန်းတစ်ပွင့်တောင်ဆရာတော် ပြည်ပမှ ပြန်လည်ကြွရောက်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရသည် အင်ဒိုနီးရှားသမ္မတနိုင်ငံတွင်ကျင်းပသည့် ရွှေတိဂုံပုံတူစေတီတော် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ခဲ့ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူ၍ ဧပြီ ၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ကြွရောက်လာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဣန္ဒာပုဏ္ဏာစေတီအုတ်မြစ်စီပွဲနှင့် အမရဝတီဆရာတော် ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်စံပြကျေးရွာ အမရဝတီကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တရေဝတအား ဂုဏ်ပြုပူဇော်ပွဲ၊ရှေးဟောင်းသမိုင်းဝင် ဣန္ဒာပုဏ္ဏာစေတီတော်မြတ်ကြီးအား ပြန်လည်တည်ထားကိုးကွယ်ရန် အုတ်မြစ်စီ မင်္ဂလာအခမ်းအနား၊ သဒ္ဓမ္မဇောတိကဓဇ ဘုန်းတော်ကြီးပညာရေးကျောင်း ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲနှင့် ပုညကာရီသိမ်တော်ကြီး ရေစက်ချမင်္ဂလာကို ဧပြီ၇ရက်တွင်ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသောစေတနာရှင်များသည် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးညိုအေး ဖုန်း-၅၇၂၆၃၈၊ ၀၉-၅၁၉၄၇၆၅ နှင့် ဦးမြတ်မျိုးသန့် ဖုန်း ၀၉-၅၀၀၀၈၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

နှစ်ဆန်းတစ်ရက် သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဧပြီ ၈

၁၃၆၉ ခုနှစ် နှစ်ဆန်းတစ်ရက် (အင်္ဂါနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ၊သောကြာထောင့်၊မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း၏ (၁၀၂)နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်း (ကျပ် ၂၂ သိန်းဖိုး)ကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်းခုနစ်သိန်း လှူဒါန်းခဲ့ပြီးဖြစ်ရာ သာခုခေါ်ဆိုပါရန်နှင့် ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံးငွေကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆ နှင့် ၃၈၃၅၁၁ လိုင်းခွဲ-၁၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၆။ လုပငဝင့်ကြွားဖောင်တော်ကြီးဆိပ်ခံတံတား
၈:၁၅ ၇။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၀ ၄။ ခါသင်္ကြန်အဆိုအကများ
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၀ ၆။ မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံများ
၅:၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၂၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၃၀ ၉။ **“လုံ လုံ လုံ” (ဖိုးညာဏ်၊ မေကဗျာ) (ဒါရိုက်တာ-မလိ)**
၅:၃၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
၅:၄၅ ၁၁။ မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန် [၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၂)ရက်၊ မဟာသင်္ကြန်အကျနေ့]
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ အလှရှာမယ်လှကမ္ဘာဝယ်
၇:၀၀ ၁၅။ ခါသင်္ကြန်အဆိုအကများ
၇:၁၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သစ္စာ ဘဝပင်ခြားသော်လည်း” (အပိုင်း-၁၀)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ဒုတိယချစ်ပုံပြင်” (အပိုင်း-၁)**
၂၁။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲ စီးပွား/ကူးသန်းအသင်း အနိုင်ရဗိုလ်စွဲ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲ ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဧပြီ ၈

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာမှ မိနစ် ၁၂၀ပြည့်သည်အထိ ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာမှ စီးပွား/ကူးသန်းအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

စီးပွား/ကူးသန်းအသင်း -ငါးဂိုး။

(မျိုးဇော်ထွန်း၊ ဇော်လင်းထွန်း၊ အောင်မျိုးသန့်၊ မင်းကိုကိုနှင့် ဟိန်းဇာထွန်း-တစ်ဂိုးစီ)

စွမ်းအင်အသင်း -လေးဂိုး။

(ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင်၊ အောင်ကျော်မိုးနှင့်နိုင်ဝင်း-တစ်ဂိုးစီ)

ဒိုင်လူကြီး -ဦးစိုးမိုးကျော်

ယခုပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် စီးပွား/ကူးသန်းအသင်းမှာ လက်ရှိချန်ပီယံ စွမ်းအင်နှင့် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားပြီး ပယ်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ယူကာ ကွင်းပိတ်ဒိုင်းဆုကြီးကို ဆွတ်ခူးရယူသွားသည်။ စွမ်းအင်အသင်းမှာလည်း လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ရန် အထူးကြိုးစားကစားခဲ့သော်လည်း ပယ်နယ်တီ၌ ရှုံးသွား၍ ချန်ပီယံသရဖူကိုစွန့်လွှတ်ခဲ့ရသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အမှုဆောင် ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးတင်အောင်(ဂိုး)က အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ ပဉ္စမဆုရ ပြည်ထဲရေးအသင်းအား ကျပ်ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ စတုတ္ထဆုရ မြို့တော်စည်ပင် အသင်းအား ကျပ် ၁၀သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က အမှတ်ပေးပြိုင်ပွဲ၌ တတိယဆုရ စီးပွား/ကူးသန်းအသင်းအား ဆုတံဆိပ်နှင့် ကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်ပေး ပြိုင်ပွဲ၌ ဒုတိယဆုရ ကမ္ဘောဇအသင်းအား ဆုတံဆိပ်နှင့် ကျပ်သိန်း ၃၀ ကို လည်းကောင်း၊ ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲ၌ ဒုတိယဆုရ စွမ်းအင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ကျပ် သိန်း ၂၀ကို လည်းကောင်း၊ ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲ၌ ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲများ၌ ဒုတိယဂိုးသွင်းအများဆုံးဆုရ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)အား ငွေဖိနပ်နှင့် ကျပ်သုံးသိန်း၊ ဂိုးသွင်းအများဆုံးဆုရ အောင်ကျော်မျိုး(စွမ်းအင်)အား ရွှေဖိနပ်နှင့် ကျပ်ငါးသိန်းကို လည်းကောင်း၊ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီအဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲများ၏ ဒုတိယ အကောင်းဆုံး ဘောလုံးသမားဆုရ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်) အား ငွေဘောလုံးနှင့် ကျပ်သုံးသိန်း၊ အကောင်းဆုံး ဘောလုံးသမားဆုရ မိုးဝင်း(စီးပွား/ကူးသန်း) အား ရွှေဘောလုံးနှင့် ကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား ဆုတံဆိပ်၊ တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဖလားနှင့် ကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲ၌ ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ကျပ်သိန်း ၃၀ ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မိုးတရားတော် (ခေတ်[၅]ခေတ်ရှင်း) ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ (ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ)
၈း၀၀	ဖူးမြော်စေချင်သည် မဇ္ဈိမဒေသတစ်ခွင်
၈း၄၅	ခါသကြိ်န်အဆိုအက
၈း၅၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၀၅	ခါသကြိ်န်အဆိုအက
၉း၁၀	မြက်ခင်းတုနှင့် အားကစားဟော်ကီ
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၀၀	ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
၁၀း၁၅	ခါသကြိ်န်အဆိုအက
၁၀း၂၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ဟော့ပေါ့ချက်ပြုတ်နည်း)
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	ဓမ္မအလင်းရောင်
၁၁း၂၀	မိုးလေဝသခန့်မှန်းချက်
၁၁း၂၅	ခါသကြိ်န်အဆိုအက
၁၁း၃၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
၁၁း၄၀	ခါသကြိ်န်အဆိုအက
၁၁း၄၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ သောင်းပြောင်းထွေလာ ကျန်းမာရေးပြဿနာများ (အပိုင်း-၂) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၀	ရေပျော်ငှက်တို့နားခိုရာ
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	မှောင်သော်လည်း လင်းနိုင်စွမ်းရှိသူများ
၁၂း၃၅	ခါသကြိ်န်အဆိုအက
၁၂း၄၀	အညာမြေမှ မြန်မာ့ပုန်းရည်
၁၂း၅၅	ခါသကြိ်န်အဆိုအက
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆း၁၀	Watford-Portsmouth	5-Sports(Live)
၈း၂၅	Fulham-Man:Cty	5-Series(Live)
	Newcastle-Arsenal	5-Sports(Live)
၁၀း၃၀	Bolton-Everton	5-Series(SDD)
	Aston Villa-Wigaen	5-Sports(SDD)
၁း၂၄	Charlton-Reading	5-Sports(Live)

အင်တာနက်အားကစားသတင်းများ

ချယ်လ်ဆီးအသင်း အောင်မြင်မှုရရန် ကြိုးပမ်းနိုင်ခဲ့ဟု မော်ရင်ဟိုပြောကြား

ချယ်လ်ဆီးအသင်း မန်နေဂျာ ဟိုဆေးမော်ရင်ဟို။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဧပြီ ၈

ချယ်လ်ဆီးအသင်း အောင်မြင်မှုရရှိစေရန် ကြိုးပမ်းရာတွင် မိမိ၏ ဦးဆောင်မှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ မိမိအသင်းမှ ဘောလုံးသမားအချို့ကိုလည်း ကမ္ဘာကျော်ဘောလုံးသမားများအဖြစ်သို့ ရောက်ရှိအောင် ပြုပြင်ပြောင်းလဲပေးနိုင်ခဲ့ကြောင်း ယင်းအသင်း၏ မန်နေဂျာ ဟိုဆေးမော်ရင်ဟိုက ယနေ့ ပြောကြားသည်။

ချယ်လ်ဆီးအသင်း၏ ပိုင်ရှင် ရိုမန်အေဘရာမိုဗစ်သည် လက်ရှိဘောလုံးရာသီ ကုန်ဆုံးချိန်တွင် မော်ရင်ဟိုအား ဖယ်ရှားမည်ဆိုသော သတင်းများ ပေါ်ထွက်ခဲ့ပြီးနောက် မော်ရင်ဟိုက ယင်းသို့ပြောကြားခြင်း ဖြစ်သည်။

ဖရန့်လမ်းပတ်၊ ဂျွန်တယ်ရီနှင့် ဒစ်ဒီယာဒရော့ဘာတို့၏ လွန်ခဲ့သည့် နှစ်နှစ်က အခြေအနေသည် ယနေ့ကာလအခြေအနေနှင့် မတူညီတော့ကြောင်း၊ ၎င်းတို့သည် မိမိ၏ ဦးဆောင်မှုအောက်တွင် ထိပ်တန်းဘောလုံးသမားများအဖြစ်သို့ ပြောင်းလဲလာကြောင်း မော်ရင်ဟိုက ပြောကြားသည်။

အင်တာနက်

မန်ချက်စတာယူနိုက်တက်အသင်းတွင် စီရော်နယ်ဒို ရှိနေသင့်ဟုဆို

မန်ချက်စတာ ယူနိုက်တက်အသင်းမှ စီရော်နယ်ဒို။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဧပြီ ၈

စီရော်နယ်ဒိုသည် ၎င်း၏ ဘောလုံးသမားဘဝ မကုန်ဆုံးမချင်း မန်ချက်စတာ ယူနိုက်တက် အသင်းမှာပင် ဆက်လက် ရှိနေသင့်သည်ဟု မိမိထင်မြင်ယူဆကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းက ယနေ့ပြောကြားသည်။

ပေါ်တူဂီ တောင်ပံကစားသမား စီရော်နယ်ဒိုကို ခေါ်ယူနိုင်ရန် မကြာသေးမီလများအတွင်း စပိန်နိုင်ငံမှ ထိပ်တန်းကလပ်အသင်းများ ဖြစ်ကြသော ရီယဲလ်မဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဆိုသော သတင်းများ ပေါ်ထွက်လာခဲ့ပြီးနောက် ဘက်ဟမ်းက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ရီယဲလ်မဒရစ်အသင်းတွင် ဘောလုံးရာသီကုန်ဆုံးသည်အထိ ဒေးဗစ်ဘက်ဟမ်း ရှိနေမည်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် စီရော်နယ်ဒိုနှင့် ကိုက်ညီမှုရှိသည့်အသင်းဟု မိမိယူဆကြောင်း ဘက်ဟမ်းက ပြောကြားသည်။

အင်တာနက်

ဝက်စ်ဟမ်းတွင် တီးဗက်စ်ဆက်ရှိနိုင်

လန်ဒန် ဧပြီ ၈

မိမိသည် ဝက်စ်ဟမ်းယူနိုက်တက် အသင်းမှာပင် ဆက်လက်ရှိနေနိုင်ကြောင်း၊ လာမည့် ဘောလုံးရာသီတွင် မိမိမည်သို့ရှိမည်ကို မခန့်မှန်းနိုင်ကြောင်း၊ အသင်းပြောင်းရွှေ့ရေးမှာ အချိန်အခါနှင့် အခြေအနေပေါ် တည်မည်ဖြစ်ကြောင်း အာဂျင်တီးနားလူမျိုး တိုက်စစ်မှူး ကာလို့စ်တီးဗက်စ်က ယနေ့ပြောကြားသည်။

ဝက်စ်ဟမ်းယူနိုက်တက်အသင်းမှ အာဂျင်တီးနား လူမျိုး တိုက်စစ်မှူး ကာလို့စ်တီးဗက်စ်(ယာ)

(ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီး၊ မန်ချက်စတာယူနိုက်တက်၊ ဂျူဗင်းတပ်စ်နှင့် ရီယဲလ်မဒရစ် အသင်းတို့က တီးဗက်စ်အား ခေါ်ယူနိုင်ရန် ကြိုးပမ်းနေသည်ဆိုသော သတင်းများကို တုံ့ပြန်လျက် ၎င်းကအထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အသက် (၂၃)နှစ်အရွယ်ရှိ တီးဗက်စ်သည် ပြီးခဲ့သည့် ဘောလုံးပွဲ လေးပွဲတွင် သုံးဂိုး သွင်းနိုင်ခဲ့သူဖြစ်သည်။

ဝက်စ်ဟမ်းအသင်းအား တန်းဆင်းဇုန်သို့ မရောက်ရေးအတွက် ကယ်တင်ရန်မှာ မိမိ၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း၊ ဝက်စ်ဟမ်းဘောလုံးသမားအဖြစ် ပရိသတ်က မိမိအား အားပေးနေသမျှကာလပတ်လုံး အသင်းပြောင်းရွှေ့ဖွယ်မရှိကြောင်း တီးဗက်စ်က ပြောကြားသည်။

အင်တာနက်

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ရရှိမှုအခြေအနေ

လန်ဒန် ဧပြီ ၈

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ထိပ်တန်းအသင်း ၁၀သင်း၏ အမှတ်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည်-

အသင်း	အမှတ်
မန်ချက်စတာယူနိုက်တက်	၇၈
ချယ်လ်ဆီး	၇၅
လီဗာပူး	၆၀
အာဆင်နယ်	၅၅
ဘော်လ်တန်	၅၃
အဲဗာတန်	၅၀
စပါး	၄၈
ပို့စ်မောက်	၄၆
ရီးဒင်း	၄၄
နယူးကာဆယ်	၄၀

အင်တာနက်

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်တို့၌ ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး လှုပ်ရှားမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး ရုံးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း လျော့ချနိုင်မှု၊ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး၊ ပြည်သူလူထုအတွင်း ယင်လုံအိမ်သာ ရာနှုန်းပြည့် သုံးစွဲရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေ ရရှိစေရေးအတွက် တာဝန်ရှိသူအားလုံးက ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး မြောက်ဥက္ကလာပမြို့နယ် (ဂ) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးဖျန်းနေမှုနှင့် ကျန်းမာရေးပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်သို့ သွားရောက်၍ ရပ်ကွက်အတွင်း လမ်းများအလိုက် ကျန်းမာရေးဝန်ထမ်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ရောဂါနှင့် ဝမ်းပျက် ဝမ်းလျှော ရောဂါ ကာကွယ်ရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင် ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်–

- **အစားအသောက်များပေါ်သို့ ယင်အုံယင်နားခြင်း၊**
- **အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊**
- **မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊**
- **မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း၊**

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်–

- **သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်း၊ ရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများစီးဝင်ခြင်း၊**
- **ရေတွင်း၊ ရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊**
- **သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊**
- **သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာ စသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင် ရှိခြင်း၊**
- **သောက်သုံးရေတွင်း၊ ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေး စသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း၊**

၄။ ဝမ်းလျှောဝမ်းပျက်ခြင်းမှ ကာကွယ်ရန်–

- **သောက်သုံးရေတွင်း၊ ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ။**
- **သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မပြုပါနှင့်၊**
- **ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက် ရေပုံး သီးသန့်ထားရှိပါ။**
- **ရေကို ကျိုချက်၍သောက်ပါ။**
- **သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကို စားပါ။**
- **အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ။ ယင်နားစာများ မစားပါနှင့်၊**
- **အစားအစာများကိုမကိုင်တွယ်မီ လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။**
- **အစားအစာများထည့်သည့် အိုးခွက်၊ ပန်းကန်များကို သန့်ရှင်းသည့် ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။**
- **ယင်လုံအိမ်သာ အသုံးပြုပါ။**
- **အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးပါ။**

၅။ အကယ်၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍ သောက်ပြီး နီးရာဆေးခန်းတွင် ဆောလျင်စွာပြသကုသမှု ခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

သာယာဝတီမြို့နယ်အသင်း၏ (၂၉)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ နိုင်ငံတော်အဆင့် ထူးချွန်တံဆိပ်ချီးမြှင့်ခံရသူ မြို့နယ်သားများအား ထပ်ဆင့်ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သာယာဝတီမြို့နယ်အသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှကြည်(ငြိမ်း)က သီရိသုဓမ္မ မဏိဇောတဓရ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးခင်မြင့်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိုင်းနှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၈။	ခါသကြန်အဆို၊ အကများ
၅:၃၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၁၅	၁၂။	မိုးလေဝသသတင်း
၆:၂၀	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၂၅	၁၄။	ခါသကြန်အဆို၊ အကများ
၆:၃၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ် ရှားတယ်" (အပိုင်း-၆)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**English Premier League ဘောလုံးပွဲ -Bolton Wanderers Vs Everton (Delay)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိုင်းနှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး ရွှေထီးတော်သစ် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး၏ ရွှေထီးတော်သစ်တင်လှူပွဲအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဧပြီ ၅ရက်က ကျိုက္ကလော့စေတီတော် ရင်ပြင်တော်ပေါ်ရှိ အာရုံခံတန်ဆောင်းတွင် ကျင်းပရာ စေတီတော် ဘက်စုံပြင်ဆင်မွမ်းမံရေးကော်မတီဥက္ကဋ္ဌ၊ မင်္ဂလာဒုံ တပ်နယ်မှူး တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်၍ အလှူရှင်များ၏လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၂၉၀ ကို လက်ခံရယူ၍ အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည်။

စေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပွဲကို ဧပြီ၂၂ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၃၂)

အရှင်စန္ဒိမာ(အောင်လံ) အထူးတရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၈

အောင်လံမြို့ သဲအင်းဂူ တိုက်ခွဲအမှတ်(၃၂) ဝိပဿနာဓမ္မရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော သောတာပတ္တိမဂ် ရှုဖွယ်ကျမ်းပြုဆရာတော် အရှင်စန္ဒိမာ(အောင်လံ)၏ ကိုးရက်အဓိဋ္ဌာန် ဝိပဿနာတရားစခန်းကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ကျန်းမာရေးဦးစီးဌာနရှေ့ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးတွင် ဧပြီ ၂၈ရက်မှ မေ ၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ဧပြီ ၂၇ရက် ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများကိုလည်း လှူဒါန်းလိုပါက ဖုန်း ၀၉-၉၉ ၇၀၅၂၄ နှင့် ၀၁-၅၇၂၉၇၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အောင်ချမ်းသာ မဟာစည်ရိပ်သာ သင်္ကြန် ၁၀ရက် အထူးတရားစခန်း

ရန်ကုန် ဧပြီ ၈

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် အောင်ချမ်းသာ မဟာစည်ရိပ်သာ စာသင်တိုက်တွင် သတိပဋ္ဌာန် ဝိပဿနာတရားအထူးအားထုတ်ပွဲကို နှောင်းတန်ခူးလပြည့်ကျော် ၁၁ရက် (ဧပြီ ၁၂ရက်)မှ ကဆုန်လဆန်း ၆ရက် (ဧပြီ ၂၁ရက်)အထိ ပြုလုပ်မည်ဖြစ်ပါ၍ တရားအားထုတ်လိုသောယောဂီများသည် နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက်၊(ဧပြီ ၁၁ရက်) ညနေ ၅နာရီအရောက် လာရောက်ကြပါရန်နှင့် စခန်းပွဲအတွင်း ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ် အလှူဒါနပြုလိုသူများ ရိပ်သာ ဖုန်း-၀၉၅၁၁၇၈၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကုက္ကိုင်းရေကူးအသင်း သင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

ကုက္ကိုင်းရေကူးအသင်း ၂၀၀၇ ခုနှစ် နွေရာသီ ရေကူးသင်တန်းဆင်းပွဲကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးကန်တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆုငွေများချီးမြှင့်

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ပြီး သင်တန်းဆရာများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား အလှူငွေ ကင်းလွတ်သည့် အသင်းဝင်ခွင့် ကံစမ်းမဲဖောက်ပေးသည်။

သင်တန်းကို မတ် ၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ၅၈၂ ဦးတက်ရောက်ခဲ့ကြသည်။ သင်တန်းအမှတ်(၂)ကို ဧပြီ ၂၄ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

ကုက္ကိုင်းရေကူးအသင်း နွေရာသီ ရေကူးသင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် သင်တန်းသား၊သင်တန်းသူများ ကိုယ်စား ခေါင်းဆောင်တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး-ဒေါ်သင်းမျိုးမျိုးအောင်
တို့၏ သားတပည့်
ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၂၃)နေ
ဒေါက်တာ အောင်ခင်ဝင်း-ဒေါ်ခင်စန်းဝင်းတို့၏ တစ်ဦးတည်းသော သား

ဗိုလ်ကြီး ဖြိုးဇော်အောင် B.Sc (Geology)Q

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ တိုက်(၃၀၁)၊ အခန်း(၃)နေ
ရဲမှူးအောင်သန်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)-ဒေါ်စံသီတာငြိမ်း တို့၏ ဒုတိယသမီး

မစန္ဒာအောင် B.Sc (Chemistry), Dip in P.G.D.T.I

ရုပ်သံကျွမ်းကျင်(၁) (ရုပ်မြင်/သတင်း) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

တို့၏ ၇-၄-၂၀၀၇ရက် (စနေနေ့) ရန်ကုန်မြို့ Summit Parkviewဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဇနီး ဒေါ်နွဲ့နွဲ့၊ မင်္ဂလာညှော်ခံပွဲ သို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်နှင့်ဇနီး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ဒုတိယရဲချုပ်နှင့် ဇနီး၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး တက္ကသိုလ်လွဲလွဲနှင့် စန္ဒရားကွန်းဇော်အဖွဲ့၊ သတို့သားအရံ ဗိုလ်ကြီး အောင်ဇော်ဦး၊ သတို့သမီးအရံ မဆွေဇင်ထား (MRTV)၊ မင်္ဂလာပန်းကြဲပေးသော မကေခိုင်လွင်၊ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မဂရေ့စ်မြင့်ထူး၊ မိတ်ကပ်ဆံပင် မငြိမ်းမိုးလှိုင်နှင့် မလွင်ကေသွယ်သိန်း (MRTV)၊ ဗီဒီယိုဦးဌေးဝင်း (MRTV)နှင့် ဓာတ်ပုံဦးသန်းလွင် (MRTV)တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဖြိုးဇော်အောင်-မစန္ဒာအောင်



မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ကြီးမှူး၍ လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာတွင် Pelican Co, Ltd က တာဝန်ယူကျင်းပသော အငယ်တန်း စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် စနူကာထိုး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။(အဖွဲ့ချုပ်)

နွေရာသီဟော်ကီအားကစားသင်တန်းဆင်း ကျွမ်းကျင်မှု လက်ရည်စစ်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာန၏ ၂၀၀၇ ခုနှစ် နွေရာသီအားကစားလှုပ်ရှားမှုအစီအစဉ်အရ နွေရာသီ မျိုးဆက်သစ်လူငယ် အခြေခံ ဟော်ကီအားကစားသင်တန်းဆင်းပွဲနှင့် အပြည်ပြည်ဆိုင်ရာ ဟော်ကီအားကစားနည်း နည်းစနစ်များ လက်တွေ့ ကျွမ်းကျင်မှုလက်ရည်စစ်ဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဧပြီ ၇ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဟော်ကီအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က ပထမ ရရှိသွားသော ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအသင်းအားလည်းကောင်း၊ အထွေထွေ အတွင်းရေးမှူး ဦးခင်မောင်လတ်က ဒုတိယရရှိသွားသော လှည်းကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အသင်းအားလည်းကောင်း၊ အမျိုးသမီးဟော်ကီအားကစား ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်ဆွေဇင်ထိုက်က တတိယရရှိသွားသော အင်းတိုင် အခြေခံပညာအထက်တန်းကျောင်းအသင်းအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၀၇ခုနှစ် နွေရာသီအဆင့်မြင့်တန်းဟော်ကီအားကစားနည်း သင်တန်းကိုမကြာမီ ဖွင့်လှစ်မည်ဖြစ်ရာ COBRA ဟော်ကီကလပ်၊ MMM ဟော်ကီကလပ်၊ မီလမ်နို (MILANO) ဟော်ကီကလပ်၊ JUST FISHON ဟော်ကီကလပ်၊ ငပလီ ဟော်ကီကလပ်၊ ယမုံနာဟော်ကီကလပ်နှင့် တုန်းတာဟော်ကီကလပ်တို့မှ အသက်(၁၅)နှစ်အောက်နှင့် အသက်(၁၇)နှစ်အောက် မျိုးဆက်သစ် လူငယ်ဟော်ကီ အားကစားသမားများကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်က စုစည်းပြီး လေ့ကျင့်ပေးမည်ဖြစ်သည်။

တက်ရောက်

အပြည်ပြည်ဆိုင်ရာ အဆင့်(၁) ဟော်ကီအားကစားနည်းပြဆရာ Mr. K.M. Awaise သည် ရန်ကုန်မြို့သို့လာရောက်ပြီး အခြေခံဟော်ကီအားကစားနည်း နည်းပြသင်တန်းကို မေ ၁၀ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၈

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၉:၃၀နာရီအချိန် တိုင်းထွာချက်များအရ ယနေ့ မွန်းတည့်မှ နောက်၄၈နာရီအတွင်း ကချင် ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့်တနင်္သာရီတိုင်း တို့တွင် နေရာကွက်ကျားမိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသမီးဟော်ကီ ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်ဆွေဇင်ထိုက်နှင့်အတူ မျိုးဆက်သစ် လူငယ်အမျိုးသမီး ဟော်ကီ အားကစားသမား များအား တွေ့ရစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာ(၅)လမ်း၊ အမှတ်(၁၄၄)နေ
ဒုတိယဗိုလ်မှူးကြီး အောင်ကျည်ထွဏ်း(ငြိမ်း)-ဒေါ်နုနုရည်
တို့၏ သားလတ်

မောင်ရောထွန်း B.A (History)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၄)လမ်း၊ အမှတ်(၁၁၀/4B) နေ
(ဦးစန်းမောင်)-ဒေါ်စိန်ရီ
တို့၏ သမီးထွေး

မစောမြတ်မွန် B.A (Geography)

တို့၏ ၈-၄-၂၀၀၇ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာနံ့သာရည်ဖျန်း၍ မင်္ဂလာအမှုဆောင်ရွက်ပေးခဲ့သော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော စိမ်းမိုမိုနှင့် The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းခြင်းများ ကိုင်ဆောင်ပေးသော သမီးငယ် ဆင်းရွှေရည်သန့်နှင့် သမီးငယ် ကာရန်ညီညီ၊ မင်္ဂလာပန်းကြဲပေးသော မို့မို့ဟန်၊ မင်္ဂလာနံ့သာရည်ခွက်ကိုင်ဆောင်ပေးသော စိုးသန္တာခိုင်၊ သတို့သားအရံစိုးထွန်းဇော်၊ သတို့သမီးအရံ ယုဝါနင်း၊ အလှဓာတ်ပုံနှင့် ဓာတ်ပုံများ ရိုက်ကူးပေးသော Studio 49အဖွဲ့၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးသော ဓာတ်ပုံ အောင်ကျော်မိုး (New Image)၊ မေတ္တာဖြင့် ရတနာပစ္စည်းများ ဆင်မြန်းပေးသော ကိုအောင်ကျော်မိုးနှင့် မခင်သော်တာဦး၊ မိတ်ကပ်ဆံပင် အလှဆင်ယင်ပေးသော မိတ်ကပ်ခင်စန်းဝင်း၊ ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲတွင် အစစအရာရာကူညီပေးသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ရောထွန်း-မစောမြတ်မွန်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲကို အမက (၁၁)ကျောင်း၌ ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးကျော်မင်း သင်တန်းသူတစ်ဦးအား ထူးချွန်ဆုနှင့် သင်တန်းဆင်း လက်မှတ် ချီးမြှင့်စဉ်။ (က-ပ)

ရသာမှန် Yum Yum ခေါက်ဆွဲ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၈

Yum Yum ခေါက်ဆွဲ၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာ စားပွဲကို ဧပြီ ၂ရက်တွင် ရန်ကုန်မြို့ Traders Hotel ရှိ Myanmar Ballroom ၌ ကျင်းပသည်။

ညစာစားပွဲတွင် ရသာချိုစက်မှုလုပ်ငန်းလီမိတက်ဥက္ကဋ္ဌ ဦးလင်းက အဖွင့်အမှာစကားပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ ဦးဝေဖြိုးက Yum Yumခေါက်ဆွဲ၏ (၁၀)နှစ် အောင်မြင်စွာ ဆောင်ရွက်ခဲ့သော သမိုင်းအကျဉ်းချုပ်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုမ္ပဏီနှင့်အတူ (၁၀)နှစ်တိုင်တိုင် လက်တွဲပြီး ရောင်းချပေးသော ကိုယ်စားလှယ်များအား ရွှေတံဆိပ်ဆုနှင့် ငါးနှစ်အထက် လက်တွဲပြီး ရောင်းချပေးသော ကိုယ်စားလှယ်များအား ငွေတံဆိပ်ဆုများ ချီးမြှင့်ပေးအပ်ပြီး ကြွရောက်လာသော ဧည့်ပရိသတ်များအား အမှတ်တရ ရွှေတံဆိပ်ဆုများ ကံစမ်းမဲဖောက်ပေးသည်။

Yum Yum ခေါက်ဆွဲကို ရသာချိုစက်မှုလုပ်ငန်းလီမိတက်က ၁၉၉၇ခုနှစ် ဧပြီ ၂ ရက်တွင် စတင် ထုတ်လုပ်ခဲ့ပြီး ISO 9001:2000လက်မှတ်နှင့်အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းကြောင်း ထောက်ခံထားသော HACCPလက်မှတ်များကို၂၀၀၄ ခုနှစ် ဒီဇင်ဘာမှစ၍ ရရှိခဲ့သည်။

ထို့အပြင် လူမျိုးဘာသာမရွေး စားသုံးနိုင်ကြောင်း Halalတံဆိပ်အား ရရှိထားသောကုမ္ပဏီဖြစ်ပြီး ယခုအခါ အရသာကိုးမျိုးအဖြစ် ကြက်ပေါင်၊ ပုစွန်ချဉ်စပ်၊ ဘဲသားဆီချက်၊ ကြက်သားဆီချက်၊ သက်သတ်လွတ်၊ ကြက်သားချဉ်စပ်၊ ပုစွန်မလိုင်ချဉ်စပ်၊ အုန်းနို့ခေါက်ဆွဲ၊ မဆလာခေါက်ဆွဲတို့အပြင် အသုံးပြုရလွယ်ပြီး သယ်ဆောင်ရလွယ်သော ခေါက်ဆွဲဘူးနှစ်မျိုးအား ထုတ်လုပ် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

Yum Yum ခေါက်ဆွဲ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲတွင် ရသာချိုစက်မှုလုပ်ငန်းလီမိတက် ဥက္ကဋ္ဌ ဦးလင်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒုလ္လဘရဟန်းခံ ရှင်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ တောင်တွင်းကြီးကျောင်းတိုက် ဆရာတော် အမှူးပြုသော ငါးထပ်ကြီးဘုရားလမ်း မိသားစု၏ ဆဋ္ဌမအကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံနှင့် ရှင်ပြုအလှူတော် မင်္ဂလာကို ဧပြီ ၁၁ ရက်နှင့် ၁၂ရက်တို့တွင် အဆိုပါ ကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

(က-ပ)

မြေကွက်အမြန်ရောင်းမည်

လှိုင်သာယာမြို့နယ်
FMI City
FINGERLAKE
80' x 100' မြေကွက်
ညှိနှိုင်းဈေး

ဆက်သွယ်ရန်ဖုန်း ၀၉ - ၅၁၅၄၀၄၀

သင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲကြီး

ဆောင်းဦးလှိုင်၊ မျိုးကျော့မြိုင်၊ မောင်မောင်ဇော်လတ်၊
BigBag၊ Cobra၊ ထွန်းအိန္ဒြာဗို၊ ရေဗက္ကာဝင်း

12-4-07(THU) 3:pm to 11:pm
YUZANAGARDEN HOTEL

ပထမဦးဆုံးလက်မှတ်ဝယ်ယူသူ ၅၀၀ ဦးအား Dj Octo ၏ နှစ်ချုပ်တွဲ Remix CD လက်ဆောင်ပေးမည်။

ဝင်ကြေး-၃၅၀၀ ကျပ်

လက်မှတ်ရောင်းဌာနများ - Pioneer Club, UNCLE SAM ,KSL, NOBODY, ဖနိုင်း,KO KO BEAUTY SALOON (FMI, Dagon, Yankin, ဆည်မြို့ဝင်း ဆရာစံလမ်း) 09 512 5670, 09 99 24701

ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ ၀၉ ၉၉ ၇၁၂၈၂၊ ၀၉ ၉၉ ၂၄၇၀၁ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မျိုးသန့်၏ P.P No - 905282 နှင့် မောင်သော့လျှန်ထန်း၏ P.P No - 870619 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း – ၂၄၆၅၄၃၊ ၂၅၄၁၃၆

မွေးနေ့ဆုတောင်း

သားကြီး **ထက်လင်းဝေ (ခ) ဖူးဖူး** ဒုတိယနှစ် (ကုန်ထုတ်ဓာတု)၏ ၉-၄-၂၀၀၇ရက်တွင် ကျရောက်သော (၁၉)နှစ်မြောက်မွေးနေ့မှသည် ပြည့်စုံသာယာချမ်းမြေ့သော ဘဝလမ်းကို လျှောက်လှမ်းနိုင်ပါစေ-

ချစ်ဖေဖေ – ဦးထွန်းအောင်
ချစ်မေမေ – ဒေါ်နီနီဝင်း
ချစ်ညီမလေး – ထွန်းနန္ဒာအောင် (ခ) ကူးကူး

စွမ်းစွမ်း

သင်္ကြန်ထူး

မြန်မာဟင်းစုံ တစ်ခါပြင် ➢ (၁၅၀၀-၂၀၀၀)ကျပ်

သင်္ကြန်ရက် (၁၃-၄-၂၀၀၇) မှ (၁၇-၄-၂၀၀၇)အထိ
ဆိုင်ဖွင့်ချိန် ညနေ(၅း၀၀)နာရီမှ (၁၀း၀၀)နာရီထိ
အမှတ်(၂၄)၊ ဝဟိုလမ်း၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
☎ း၂၂၁၄၉၇ ၊ း၀၉-၅၀၀-၆၅၀၀

7DAY SPORTS journal

၇ ရက် အားကစားဂျာနယ်

သင့်အတွက်

အသစ်လွင်ဆုံး၊ အလတ်ဆတ်ဆုံး၊ အပြည့်စုံဆုံး အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဏ္ဍစုံလင်စွာ ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။

ထွက်ပြီ

Tel: 01-243 542
09-51-73255

ဦးမောင်မောင်အောင် (မန်နေဂျင်းဒါရိုက်တာ)
Viking Marine Products Trading Co., Ltd.
သိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရွှေအင်ကြင်းရိပ်မွန်၊ အမှတ်(ပီ-၂)နေ ဦးဘွန်ဟုတ်[၂/လကန(နိုင်)၀၄၅၁၁၉]၏ ညွှန်ကြားချက်အရ သတိပေးကြေညာသည်မှာ-

ဦးမောင်မောင်အောင် (မန်နေဂျင်းဒါရိုက်တာ) Viking Marine Products Trading Co., Ltd နှင့် ကျွန်တော်၏ မိတ်ဆွေ ဦးဘွန်ဟုတ်(ပြည်အောင်ရတနာကုမ္ပဏီလီမိတက်)တို့သည် ၁၀-၆-၂၀၀၆ ရက်စွဲပါ ဒီဇယ်ဆီများကို အကြွေးစနစ်ဖြင့် ရောင်းချပေးရန် နားလည်မှု ကတိပြုစာချုပ်တစ်ရပ်ကို ပြုလုပ်ချုပ်ဆို၍ လုပ်ငန်းလုပ်ကိုင်ခဲ့ရာ (၁၂-၃-၂၀၀၇) ငွေစာရင်းရှင်းတမ်းအရ အရင်းစုစုပေါင်း ကျပ်(၁၀၄, ၀၉၀,၆၁၅/-) နှင့် ကုန်ဖိုးကြိုးစနစ်အတွက် ကျပ်(၁၇,၉၂၀,၄၀၀)စုစုပေါင်းကျပ်(၁၂၂,၀၁၁,၀၁၅) ကို ဦးဘွန်ဟုတ်သို့ ပေးဆပ်ရန် ကျန်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ဦးမောင်မောင်အောင် Viking Marine Products Trading Co., Ltd. အနေဖြင့် မပျက်မကွက်ပေးသွင်းပါရန်နှင့် အကယ်၍ ပျက်ကွက်မြဲ ဆက်လက်ပျက်ကွက်နေမည်ဆိုပါက ဥပဒေနှင့်အညီ တရားစရိတ်အပါအဝင် တရားရုံးတော်မှ အနိုင်ဒီကရီရယူနိုင်ရေးအတွက် ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးစန်းဝင်း LL.B
ဥပဒေအကျိုးဆောင်
အမှတ်(၁၂၄)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့.

THREE FRIENDS CONSTRUCTION CO., LTD.
မြန်မာ့နှစ်သစ်ကူးအကြိုအထူးအစီအစဉ်

10.4.07 အထိသာ

စဉ်	ပစ္စည်းအမျိုးအမည်		ယခင်ရောင်းဈေး	ယခုရောင်းဈေး
1.	အသင့်ခင်းလျှာထိုးပြား	10' x 10'	~~180,000~~	150,000
2.	ပလာစတာချည်မျှင်	1 kg	~~750~~	600
3.	Wall Paper	ဒီဇိုင်း(၂၀၀)ကျော်	မည်သည့်နေရာတွင်မှမရရှိနိုင်သည့်ဈေး	
4.	ပလာစတာကောနစ်	Discount		10 %
5.	အခြားအိမ်အလှဆင်ပစ္စည်းများ		!	!

01-294864,298341,299947,701869, 09-50 11443,
09-50 10289,09-51 54853,09-51 55037

(ဈေးနှုန်းချိုသာစွာရောင်းချပေးနေပါသည်)

44A(1)၊ ကျိုက်တော်အိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဇတိုဌာနအနောက်)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

နှစ်ဖက်သောမိဘများ၏ သဘောတူညီ ခွင့်ပြုချက်အရ
ပုသိမ်မြို့နေ ဦးအုပ်ဖုန်း–ဒေါ်ခင်လှတို့၏ သားထွေး
မောင်မောင်နိုင် B.E (Mechanical) Y.T.U
Mechanical Engineer, Keppel FELS Ltd.
Keppel Offshore &Marine, Singapore
နှင့်
မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အထက်လမ်းမကြီး၊ အမှတ် – ၁၀၃(I)နေ
ဦးညွန့်မြိုင်–ဒေါ်တင်တင်မွေး တို့၏ သမီးထွေး၊
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၈၅)၊ (ပ–ထပ်)နေ
မဥမ္မာမြိုင် B.A(Geography) (ခေတ္တ – Singapore)

တို့သည် ၁–၂–၂၀၀၇ ရက်တွင် Registry of Marriage (ROM) နှင့် Singapore နိုင်ငံမြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွင် လက်မှတ်ရေးထိုးလက်ထပ်ပြီး ကျင်းပပြုလုပ်သော မင်္ဂလာညစ္စာခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်နိုင်–မဥမ္မာမြိုင်

ဦးသန်းငွေ (၁၂/လသန (နိုင်) ၀၀၄၃၈၈)
ဘုရင်မ ဓာတ်ပုံတိုက်ပိုင်ရှင်နှင့် အများသိရှိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်-၁၇၇/A ရှိ ကောက်ရိုးနွယ်၊ ဗီဒီယိုကင်မရာ အရောင်းဆိုင်ပိုင်ရှင်၊ ဦးသောင်းစိန် (၁၂/မရက(နိုင်)၁၂၃၉၆၄)၊ ဦးမြင့်ဆွေ (၁၂/မရက (နိုင်) ၁၂၃၉၄၅) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ အမှတ်-၁၁၅ နေ ဦးသန်းငွေနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများထံမှ ဦးသန်းငွေသည် (၃-၁၂-၂၀၀၅) ရက်စွဲပါပစ္စည်းလက်ခံရရှိကြောင်း ဝန်ခံချက်စာချုပ်ဖြင့် တန်ဖိုးငွေကျပ်သိန်း(၃၄၀) (ကျပ်သိန်းသုံး ရာ့လေးဆယ်တိတိ) တန်ဖိုးရှိသော SONY အမျိုးအစားလုပ်ငန်းသုံး (DVCAM) ဗီဒီယိုကင်မရာ နှစ်လုံးကို ရောင်းချပေးရန် ရယူသွားခဲ့ပါသည်။ ထိုဗွီဒီယိုကင်မရာ များ (သို့မဟုတ်) ရောင်းချ ရငွေများကို အမြန်ဆုံးပေးအပ်ပါမည်ဟု ဝန်ခံကတိပြု ရယူသွားခဲ့သော်လည်း ယနေ့ထိ ပြန်လည်ပေးအပ်ခြင်း မရှိပါ။

ကျွန်ုပ်၏မိတ်ဆွေများသည် ခင်မင်ရင်းနှီးသည့် မိတ်ဆွေများဖြစ်သည့်နှင့်အညီ ဦးသန်းငွေအား အချိန်များစွာ အခွင့်အရေးပေးစောင့်ဆိုင်းကာ အကြိမ်ကြိမ်ဆက်သွယ်ခေါ်ယူဆွေးနွေးရာတွင် တိကျသောအဖြေကို မပေးခြင်း၊ တမင်ရှောင်ဖယ်ခြင်း၊ ဥပဒေနှင့်မညီသော နည်းလမ်းများ အသုံးပြု၍ လှည့်ဖြားဆောင်ရွက်ခြင်းတို့ကိုသာ ပြုလုပ်ခဲ့ပါသည်။

သို့ပါ၍ ဦးသန်းငွေရယူသွားခဲ့သော အထက်ပါဗီဒီယိုကင်မရာနှစ်လုံး၏ တန်ဖိုးငွေအားလုံးကို ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေများထံသို့ဖြစ်စေလာရောက်ပေးအပ်ရန်ကြေညာအပ်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း ငွေများအားလုံးကို လာရောက်ပေးအပ်ရန် ပျက်ကွက်ပါက ကျွန်ုပ်၏ မိတ်ဆွေများမှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်ဒင် (LL.B)
တရားရုံးချုပ်ရှေ့နေ
ဥပဒေအကြံပေးနှင့် အတိုင်ပင်ခံ
အမှတ်(၁၀၆၀)၊ ၁၃-လမ်း၊ (၇)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

RE GD.

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) – ၀၇၀၆ YR ၄၈၁၅ / (ဆေးမှုန့်) – ၀၇၀၆ YR ၀၁၉၄
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၊၈/၂၀၀၅၊တံဆထလ/တိုး(၅၄)

တဟှုပ်ဟှုပ်နဲ့ အိပ်မရအောင်ဆိုးနေတဲ့ချောင်း **ကွမ်းရွက်ပုံ** ဆေးကကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်းမရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပက်ဝင် စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ပဲခူးတိုင်း(အရှေ့ပိုင်း)အတွင်း ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း (အရှေ့ပိုင်း)ဆွာမြို့သို့ရောက်ရှိပြီး မိုက္ကရိုဝေ့ဗ်စခန်းကို ကြည့်ရှုစစ်ဆေးကာ အဆင့်မြှင့်တင်နိုင်ရေး၊ အရန်ဆက်ကြောင်းများ ထားရှိရေးတို့အတွက် လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ရေတာရှည်မြို့သို့ရောက်ရှိပြီး လက်လှည့်တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ရေးကို စီစဉ်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကေတုမတီမြို့သစ်ရှိ GSM မိုဘိုင်းဆက်သွယ်ရေးစခန်းနှင့် အော်တိုတယ်လီဖုန်းအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်ငူမြို့သို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပဲခူးတိုင်း (အရှေ့ပိုင်း)တွင် ကျောက်ကြီး၊ ရေနီ၊ ရေတာရှည်၊ ပျဉ်ပုံကြီး၊ ကဝ၊ဆွာ၊ ဝေါမြို့နယ်များတွင် တယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်နိုင်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် တောင်ငူမြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းနှင့် မိုဘိုင်းဆက်သွယ်ရေး စခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အယ်လ်ဂျီကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်သည့် LG- SV 280 အမျိုးအစား လက်ကိုင်ဖုန်းသစ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၈

၁၃၆၉ခုနှစ် နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တပ်ကုန်းမြို့နယ်၌ မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၇ ရက် နံနက် ၈နာရီတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ မွေးမြူရေးဇုန်(၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သိုးမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရောဂါကာကွယ်ဆေးများထိုးနှံပေးရန်နှင့် သိုးမွေးမြူရေးလုပ်ငန်းကို ယခုထက် ပိုမိုတိုးချဲ့မွေးမြူသွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆိတ်မွေးမြူရေးခြံနှင့် သိုးပေါက်မွေးမြူရေးခြံ၊ နို့စားနွား မွေးမြူရေးခြံတို့ကို သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန် (၂)ရှိ မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၏ ဆိတ်မွေးမြူရေးခြံ၊ တည်ဆောက်ဆဲအစာစပ်စက်ရုံများနှင့် နို့ချက်စက်ရုံများ၊ နို့စားနွား မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငှက်ပျောသီးပုံသဏ္ဍာန် လက်ကိုင်ဖုန်း အယ်လ်ဂျီကုမ္ပဏီ တီထွင်ထုတ်လုပ်

အင်တာနက် သိပ္ပံသတင်း

ဆိုးလ် ဧပြီ ၈

တောင်ကိုရီးယားနိုင်ငံရှိ အယ်လ်ဂျီကုမ္ပဏီသည် ငှက်ပျောသီးပုံသဏ္ဍာန်ရှိ လက်ကိုင်ဖုန်းသစ်တစ်မျိုးကို တီထွင်ထုတ်လုပ်ထားပြီဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အယ်လ်ဂျီကုမ္ပဏီ၏ နောက်ဆုံး လက်ကိုင်ဖုန်းသစ်မှာ LG- SV 280 အမျိုးအစားဖြစ်ပြီး သဘာဝ၏အားသာချက်များကို အသုံးချနိုင်စေရန် လက်ကိုင်ဖုန်းဒီဇိုင်းပုံစံသစ် ထုတ်လုပ်ခဲ့ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပိုမိုအဆင်ပြေ

အဆိုပါလက်ကိုင်ဖုန်းသစ်သည် ငှက်ပျောသီးကဲ့သို့ ညွတ်ကွေးနေသည့် ကိုယ်ထည်ရှိသဖြင့် ဖုန်းပြောဆိုရာတွင် လည်းကောင်း၊ နားထောင်ရာတွင်လည်းကောင်း သုံးစွဲသူအတွက် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ငှက်ပျောသီးပုံသဏ္ဍာန် လက်ကိုင်ဖုန်း၏ မှတ်ဉာဏ်မှာ 142 MBဖြစ်ကြောင်း၊ ဖုန်း၏ဖန်သားပြင်မှာ နှစ်လက်မရှိကြောင်း၊ ယင်းလက်ကိုင်ဖုန်းကိုအသုံးပြု၍ ဓာတ်ပုံရိုက်ကူးနိုင်ရန် ၁ ဒသမ ၃ မီဂါပစ်ဇယ်လ် ကင်မရာပါဝင်သည့်အပြင် MP3သီချင်းဖွင့်စက်လည်း ပါဝင်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အင်တာနက်

ချန်ပီယံ စီးပွား/ကူးသန်းအသင်း

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် ချန်ပီယံ စီးပွား/ကူးသန်းအသင်းအား ဆုယူအပြီး တွေ့ရစဉ်။
(သတင်း၊ စာမျက်နှာ-၁၀) ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ယနေ့မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။